ကုမ္ပဏီအမည် - Linn Shwe Sin Co., Ltd.

လုပ်ငန်း - မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Linn Shwe Sin Co., Ltd. မှ လမ်းခင်းကျောက် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၄-၂-၂၀၁၆		
၂	သဘောထားမှတ်ချက်တောင်းခံခြင်း			
	(က) မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး	၈-၃-၂၀၁၆	၁၄-၃-၂၀၁၆	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၉-၃-၂၀၁၆	၁၆-၃-၂၀၁၆	
	(ဂ) အဖွဲ့ခေါင်းဆောင်၊ OSS	၈-၃-၂၀၁၆	၁၇-၃-၂၀၁၆	
၃	PAT (၁၀/၂၀၁၆) သို့ တင်ပြခြင်း	၇-၃-၂၀၁၆		
၄	အဆိုပြုချက်လက်ခံကြောင်းပြန်ကြားခြင်း နှင့် အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ တင်ပြရန်အကြောင်းကြားခြင်း	၁၄-၃-၂၀၁၆		
၅	ရှေ့နေချုပ်ရုံး သဘောထား မှတ်ချက် နှင့်အညီ ပြင်ဆင်ထားသော မြေငှားရမ်းခြင်း စာချုပ် (မူကြမ်း) နှင့်အတူ အဆိုပြုလွှာပေးပို့ခြင်း	၁၄-၃-၂၀၁၆		
၆	ကုမ္ပဏီမှ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ချက်များကို ပြန်လည် တင်ပြလာခြင်း	၁၆-၃-၂၀၁၆		
၇	ကော်မရှင်အစည်းအဝေးသို့လတင်ပြမည့် အကြိမ် နှင့် နေ့ရက်	၁၁/၂၀၁၆ (၂၅-၃-၂၀၁၆)		
	စုစုပေါင်းကြာမြင့်ရက်	**၅၀ ရက်**		

အကြောင်းအရာ။ **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Linn Shwe Sin Co., Ltd. မှ လမ်းခင်းကျောက် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Linn Shwe Sin Co., Ltd. ဦးထွန်းလှ(အဘ-ဦးချိန်ဖူးဂျိန်း(ခ) ဦးလှမောင်)
၂။	ဖွဲ့စည်းမှုပုံသဏ္ဌာန်	- လီမိတက်ကုမ္ပဏီ (Private Company ဖြစ်ပါသည်)
၃။	အဆိုပြုလုပ်ငန်းအမျိုးအစား	- လမ်းခင်းကျောက် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၄။	တည်နေရာ	- (၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာန၊သစ်တောဦးစီးဌာနပိုင်အကွက်အမှတ်- ၅၂၊၅၃၊ ကုလားမတောင်ကြိုးဝိုင်း ပေါင်မြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ် - (၂) ဦးပိုင်အမှတ်- (၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၃၀/၁၊ ၁၃၀/၂၊ ၁၂၈၊ ၁၂၉) ဂန့်ဂေါ်ကွင်း၊ ကွင်းအမှတ်- ၈၉၄၊ ကျုံကကျေးရွာအုပ်စု ပေါင်မြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်
	မြေဧရိယာ	-(၁) အကွက်အမှတ်-၅၂၊ ၅၃၊ ကုလားမတောင်ကြိုးဝိုင်း၊ ပေါင်မြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနပိုင် မြေဧရိယာ (၁၅၀) ဧက (၆၀၇,၀၂၉ စတုရန်းမီတာ) - (၂) ဦးပိုင်အမှတ်- (၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၃၀/၁၊ ၁၃၀/၂၊ ၁၂၈၊ ၁၂၉) ဂန့်ဂေါ်ကွင်း၊ ကွင်းအမှတ်- ၈၉၄၊ ကျုံကကျေးရွာအုပ်စု၊ ပေါင်မြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်ရှိ စုစုပေါင်းမြေဧရိယာ ၉ ဧက အနက်မှ ၅ ဧက (၂၀,၂၃၄.၃ စတုရန်းမီတာ)
	နှစ်စဥ်မြေငှားရမ်းခ	- သစ်တောဦးစီးဌာန ပိုင်မြေဧရိယာ (၁၅၀)ဧကအတွက် တစ်နှစ်လျှင် ကျပ် ၂,၂၅၀,၀၀၀ (တစ်ဧကလျှင် ကျပ် ၁၅,၀၀၀) - ဦးထွန်းလှပိုင် မြေငှားရမ်းခြင်းအတွက် တစ်နှစ်လျှင် ကျပ် ၅,၁၈၇,၆၀၀ နှုန်းဖြင့် နှစ် ၃၀ ငှားရမ်းမည်ဖြစ်ပါသည်။

၅။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု — ကျပ် ၇,၁၀၀ သန်း (အမေရိကန်ဒေါ်လာ ၄.၂ သန်းအပါအဝင်)

	ကျပ်ငွေ (သန်း)	နိုင်ငံခြားငွေ (US$သန်း)	စုစုပေါင်းထည့်ဝင်မှု (ကျပ်သန်း)
ငွေသား	၁၁၅.၃၅		၁၁၅.၃၅
စက်ပစ္စည်း(ပြည်ပဝယ်)		၄.၂၀	၅,၀၄၀.၀၀
(ပြည်တွင်းဝယ်)	၁,၆၇၇.၀၀		၁,၆၇၇.၀၀
အဆောက်အဦ	၂၅၅.၀၀		၂၅၅.၀၀
ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ	၁၂.၆၅		၁၂.၆၅
စုစုပေါင်း	**၂,၀၆၀.၀၀**	**၄.၂၀**	**၇,၁၀၀.၀၀**

1 US$ = ၁,၂၀၀ ကျပ်

၆။ တည်ဆောက်ရေးကာလ - ၁ နှစ်

၇။ လုပ်ငန်းသက်တမ်း - ၃၀ နှစ်

၈။ အမျိုးအစားနှင့်နှုန်းထား (၆နှစ်မြောက်)

ထုတ်လုပ်မည့် အမျိုးအစား	ထုတ်လုပ်မှု အရေအတွက်(ကျင်း)	ရောင်းဈေးနှုန်း (ကျပ်/ကျင်း)
250-400 mm	၇၂,၀၀၀	၂၃,၀၀၀
20- 50 mm	၁၃,၂၀၀	၂၈,၇၅၀
05- 20 mm	၂၇,၆၀၀	၄၀,၂၅၀
0 - 05 mm	၇,၂၀၀	၁၁,၅၀၀

၉။ ဝန်ထမ်းအင်အား(ပြည်တွင်း) - ၁၂၂ ဦး (အမြင့်ဆုံးလစာ - ၈၀၀,၀၀၀ ကျပ်
အနိမ့်ဆုံးလစာ - ၁၁၀,၀၀၀ ကျပ်)

၁၀။ ဝင်ငွေ (၆နှစ်မြောက်) - ကျပ် ၃,၂၂၉.၂၀၀ သန်း

အသုံးစရိတ် (၆နှစ်မြောက်) - ကျပ် ၂,၂၁၀.၃၅၂ သန်း

အသားတင်အမြတ် (၆နှစ်မြောက်) - ကျပ် ၁,၀၁၈.၈၄၈ သန်း

၁၁။ နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်

ဝင်ငွေခွန် - ကျပ် ၃၃၉.၆၁၆ သန်း

ကုန်သွယ်လုပ်ငန်းခွန် - ကျပ် ၁၆၁.၄၆၀ သန်း

၁၂။	အရင်းကြေကာလ အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၈ နှစ် ၃လ - ၁၅.၀၂ %
၁၃။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (နှစ်စဉ်) ရေသုံးစွဲမှု(နှစ်စဉ်)	- ၃၂၀ KVA - ၆၃၀,၀၀၀ ဂါလံ
၁၄။	CSR	- နှစ်စဉ်အသားတင်အမြတ်ငွေ၏ ၂% ကို အသုံးပြုမည်ဟု တင်ပြထားပါသည်။

Linn Shwe Sin Co., Ltd.

Machinery List (to be imported)

Sr. No.	Particulars	A/U	Qty	Price (USD)	Value (USD)
1	Jaw Crusher 300 ton/hour	set	1	1,700,000	1,700,000
2	Jaw Crusher 400 ton/hour	set	1	2,500,000	2,500,000
	Total - 1				**4,200,000**

ကုမ္ပဏီအမည် - Linn Shwe Sin Company Limited
အဖွဲ့အစည်းပုံသဏ္ဌာန် - မြန်မာနိုင်ငံသားများရင်းနှီးမြုပ်နှံမှု
လုပ်ငန်းအမျိုးအစား - လမ်းခင်းကျောက်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း
တည်နေရာ -
(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်မွန်ပြည်နယ်၊ သထုံခရိုင်၊ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်-၅၂၊ ၅၃ ရှိ မြေဧရိယာ (၁၅၀) ဧက
(၂) မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကျိုက ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်-(၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၃၀/၁၊ ၁၃၀/၂၊ ၁၂၈၊ ၁၂၉) ဂန့်ဂေါ်ကွင်း ကွင်းအမှတ်- ၈၉၄၊ စုစုပေါင်းမြေဧရိယာ ၉ ဧက အနက်မှ ၅ ဧက
စုစုပေါင်းရင်းနှီးမြုပ်နှံမှု - ကျပ် ၇,၁၀၀.၀၀ သန်း (US$ ၄.၂ သန်းအပါအဝင်)
အရင်းကြေကာလ - ၈ နှစ် ၃ လ
IRR - ၁၅.၀၂ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါ ဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	၃.၀၀(တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	၁.၁၇
၃	ဝင်ငွေခွန်	၄၁၆.၇၈	၁,၇၇၃.၅၃
၄	ကုန်သွယ်လုပ်ငန်းခွန်	၃၃၄.၆၂	၈၀၇.၃၀
၅	ဒီဇယ်ဆီသုံးစွဲခ		-
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်		၁၇.၆၈
၇	CSR(၂ %)		-
၈	မြေငှားရမ်းခရငွေ(အစိုးရပိုင်မြေ)		၂.၂၅
၉	Royalty		၄.၅၀
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၁၁၂ ဦး အလုပ်အကိုင် ရရှိမည်ဖြစ်၍ ဒေသ အလုပ် အကိုင် အခွင့်အလမ်းနှင့် ဒေသစီး ပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှု လျော့ချရေးကိုအထောက်အကူပြုစေနိုင်ပါသည်။
		၇၅၄.၄	၂၆၀၆.၃၈
		၁း၄	

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက- ၅(အ)/မ-၀၀၈/၂၀၁၆ (၂၀၂)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် မတ်လ ၂၂ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့

တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Linn Shwe Sin Co., Ltd. (လင်းရွှေစင်ကုမ္ပဏီ လီမိတက်)မှ လမ်းခင်းကျောက် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ Linn Shwe Sin Co., Ltd. (လင်းရွှေစင်ကုမ္ပဏီ လီမိတက်)မှ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင် ကြိုးဝိုင်း၊ အကွက်အမှတ်-၅၂၊ ၅၃ ရှိ မြေဧရိယာ (၁၅၀) ဧကအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှနှစ်ရှည် မြေငှားရမ်းစနစ်ဖြင့် ငှားရမ်း၍ သော်လည်းကောင်း၊ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကျုံက ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်-(၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၃၀/၁၊ ၁၃၀/၂၊ ၁၂၈၊ ၁၂၉) ဂန့်ဂေါ်ကွင်း ကွင်းအမှတ်- ၈၉၄၊ စုစုပေါင်း မြေဧရိယာ ၉ ဧက အနက်မှ ၅ ဧကတွင် သော်လည်းကောင်း၊ လမ်းခင်းကျောက် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးထွန်းလှ (အဘ-ဦးချိန်ဖုးဂျိန်း(ခ) ဦးလှမောင်)မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန နှင့် Linn Shwe Sin Co., Ltd. (လင်းရွှေစင်ကုမ္ပဏီ လီမိတက်)တို့အကြား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ ချုပ်ဆိုမည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင် ကြိုးဝိုင်း၊ အကွက်အမှတ်-၅၂၊ ၅၃ရှိ မြေဧရိယာ (၁၅၀) ဧကကို ငှားရမ်း၍ လမ်းခင်းကျောက် ထုတ်လုပ်ခြင်း လုပ်ငန်းဆိုင်ရာ စာချုပ် (မူကြမ်း)ပါ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင် ကြိုးဝိုင်း၊ အကွက်အမှတ်-၅၂၊ ၅၃အတွင်းရှိ မြေဧရိယာ (၁၅၀) ဧက အတွက် Linn Shwe Sin Co., Ltd. (လင်းရွှေစင်ကုမ္ပဏီ လီမိတက်)မှ တစ်နှစ်လျှင် တစ်ဧက အတွက် မြေငှားရမ်းခ မြန်မာကျပ်ငွေ ၁၅,၀၀၀ နှုန်းဖြင့် ဧက(၁၅၀) အတွက် ကျပ် ၂,၂၅၀,၀၀၀(ကျပ်နှစ်ဆယ့်နှစ်သိန်း ငါးသောင်း တိတိ)ကို ပတ်ဝန်းကျင်

ကန့်သတ်

ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသို့ ပေးသွင်းရမည်ဖြစ်ပါသည်။ (စာချုပ်အပိုဒ် ၄-က)

(ခ) တစ်ဧက မြေငှားရမ်းခနှုန်းကို ပုံသေသတ်မှတ်ထားခြင်း မပြုလုပ်ဘဲ တစ်နှစ်လျှင် တစ်ကြိမ်မြေငှားရမ်းခနှုန်းကို နိုင်ငံတော်မှ သတ်မှတ်သည့်အတိုင်း ပေးသွင်းရမည်။ (စာချုပ်အပိုဒ် ၄-ခ)

(ဂ) ငှားရမ်းထားသော မြေအားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ မည်သူ့ကိုမျှ တစ်ဆင့်ငှားရမ်းရောင်းချ၊ လွှဲအပ်၊ လွှဲပြောင်း၊ ပေါင်နှံ၊ ထုခွဲခြင်းမပြုရ။ ကိုယ်တိုင်လုပ်ကိုင်ခြင်းမရှိလျှင် သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။ (စာချုပ်အပိုဒ် ၆-င)

(ဃ) အငှားချထားခြင်းခံရသူသည် ခွင့်ပြုထားသည့် မြေဧရိယာတွင် လမ်းခင်းကျောက် တူးဖော်ထုတ်လုပ်ရာ၌ ကျောက်(၁)ကျင်းလျှင် ဒေသပေါက်စျေး၏ ၂၅% ဖြင့် စုစုပေါင်း ထုတ်လုပ်သည့် လမ်းခင်းကျောက်ပမာဏ(ကျင်း)အတွက် ကျသင့်သော အခွန်ငွေကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ သစ်တောဦးစီးဌာနသို့ ပေးသွင်းရမည်။ (စာချုပ်အပိုဒ် ၆-ဆ)

(င) သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုအတွက် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုထားသည့် မြေဧရိယာ (၁၅၀) ဧက ၏ ၂၀% ကို ရေမြေထိန်းသိမ်းရေး သစ်တောစိုက်ခင်းအဖြစ် ကြီးကြပ်စစ်ဆေးရန် လွယ်ကူမည့် သစ်တောနယ်မြေတွင် (၃)နှစ် အတွင်းအပြီး တည်ထောင်စိုက်ပျိုးပေးရန် ဝန်ခံကတိပြုပြီး တည်ထောင် စိုက်ပျိုးပေးရမည်။ (စာချုပ် အပိုဒ် ၆-ဈ)

(စ) စာချုပ်သက်တမ်းကို ကနဦးသက်တမ်း (၃၀)နှစ် သတ်မှတ်ပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍နောက်ထပ်တစ်ကြိမ် (၁၀)နှစ်ဖြင့် (၂)ကြိမ်အထိ ဆက်တိုက် သက်တမ်းတိုးမြှင့်ခွင့်ရှိပါသည်။ (စာချုပ်အပိုဒ် ၁၁)

(ဆ) အငှားချထားခြင်းခံရသူမှ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်-၅၂၊ ၅၃ အတွင်းရှိ မြေ (၁၅၀)ဧကတွင် လမ်းခင်းကျောက် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအတွက် လုပ်ငန်း အာမခံငွေအဖြစ် တစ်ဧကလျှင် ကျပ် ၅၀,၀၀၀ (ကျပ်

ငါးသောင်းတိတိ) နှုန်းဖြင့် စုစုပေါင်း ၇,၅၀၀,၀၀၀ (ကျပ်ခုနစ်ဆယ့်ငါးသိန်း တိတိ)ကို သစ်တောဦးစီးဌာနသို့ သတ်မှတ်ထားသောနည်းလမ်းဖြင့် စာချုပ်မချုပ်ဆိုမီ ကြိုတင်ပေးသွင်းရမည်။ (စာချုပ် အပိုဒ် ၁၆-က)

(ဇ) စာချုပ်သက်တမ်း ကုန်ဆုံးလျှင်သော်လည်းကောင်း၊ လုပ်ငန်းမလုပ်လိုတော့၍ ပြန်လည်အပ်နှံလျှင် သော်လည်းကောင်း၊ ဝန်ခံကတိပြုထားသည့် ခွင့်ပြုမြေဧရိယာပမာဏ၏ ၂၀% ကို ရေမြေထိန်းသိမ်းရေး သစ်တောစိုက်ခင်းအဖြစ် တည်ထောင်စိုက်ပျိုးပြီးစီးပါက လုပ်ငန်းအာမခံငွေကို ပြန်လည် ထုတ်ယူခွင့်ရှိသည်။ (စာချုပ်အပိုဒ် ၁၆-ခ)

(ဈ) ခွင့်ပြုမြေဧရိယာပမာဏ၏ ၂၀%ကို ရေမြေထိန်းသိမ်းရေး သစ်တောစိုက်ခင်းအဖြစ် တည်ထောင် စိုက်ပျိုးပေးမည်ဖြစ်ကြောင်း ဝန်ခံကတိအတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက အဆိုပါလုပ်ငန်းအာမခံငွေအား ဘဏ္ဍာငွေအဖြစ် သိမ်းယူခွင့်ရှိသည်။ (စာချုပ်အပိုဒ် ၁၆-ဂ)

(ည) စာချုပ်သက်တမ်း နှစ်(၃၀)ကုန်ဆုံးသည့်အခါ သို့မဟုတ် နှစ်ဦးနှစ်ဖက် သဘောတူညီပြီး နောက်ထပ် တစ်ကြိမ်လျှင် (၁၀)နှစ်နှင့် ဆက်တိုက် (၂)ကြိမ် သက်တမ်းတိုးကာလ ကုန်ဆုံးသည့်အခါ ငှားရမ်းထားသည့်မြေကို အငှားချထားသူသို့ အငှားချထားခြင်းခံရသူက ငှားရမ်းစဉ်အခြေအနေကထက် မနိမ့်ကျဘဲ စာချုပ်သက်တမ်းကုန်ဆုံးပြီး (၃၀)ရက်အတွင်း အဖိုးစားနားမဲ့ လွှဲပြောင်းရမည်။ (စာချုပ်အပိုဒ် ၂၀-က)

၃။ လုပ်ငန်း၏ မတည်ငွေရင်းပမာဏမှာ ကျပ် ၇,၁၀၀.၀၀ သန်း (အမေရိကန်ဒေါ်လာ ၄.၂၀ သန်း အပါအဝင်) ဖြစ်ပြီး အောက်ပါအတိုင်း ထည့်ဝင်ကြမည်ဖြစ်ပါသည်-

	စုစုပေါင်းကျပ်(သန်း)
ငွေသား	၁၁၅.၃၅
စက်ပစ္စည်း	၆,၇၁၇.၀၀(US$ ၄.၂ သန်း အပါအဝင်)
အဆောက်အဦ	၂၅၅.၀၀
ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ	၁၂.၆၅
စုစုပေါင်း	**၇,၁၀၀.၀၀(US$ ၄.၂ သန်း အပါအဝင်)**

(အမေရိကန် ၁ ဒေါ်လာလျှင် ကျပ် ၁,၂၀၀ နှုန်းဖြင့်တွက်ချက်ထားပါသည်။)

၄။ လုပ်ငန်း ဆောင်ရွက်ရန် ပြည်တွင်းဝန်ထမ်း (၁၂) ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းဝန်ထမ်း တစ်ဦး၏ အနိမ့်ဆုံးလစာမှာ ၁၁၀,၀၀၀ ကျပ် ဖြစ်ပြီး အမြင့်ဆုံး လစာမှာ ၈၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်းမှ လမ်းခင်းကျောက်များကို ပြည်တွင်းတွင် ၁၀၀% ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ် (၆-နှစ်မြောက်)တွင် ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	**ထုတ်လုပ်မည့် အမျိုးအစား**	**ထုတ်လုပ်မှု အရေအတွက်(ကျင်း)**	**ရောင်းဈေးနှုန်း (ကျပ်/ကျင်း)**
(က)	250-400 mm	၇၂,၀၀၀	၂၃,၀၀၀
(ခ)	20- 50 mm	၁၃,၂၀၀	၂၈,၇၅၀
(ဂ)	05- 20 mm	၂၇,၆၀၀	၄၀,၂၅၀
(ဃ)	0 - 05 mm	၇,၂၀၀	၁၁,၅၀၀

၆။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၆-နှစ်မြောက်)တွင် ကုမ္ပဏီမှရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)	ဝင်ငွေ	ကျပ် ၃,၂၂၉.၂၀ သန်း
(ခ)	အသုံးစရိတ်	ကျပ် ၂,၂၁၀.၃၅ သန်း
(ဂ)	အသားတင်အမြတ်	ကျပ် ၁,၀၁၈.၈၅ သန်း

၇။ နိုင်ငံတော်မှ ပုံမှန်နှစ် (၆-နှစ်မြောက်)တွင် ရရှိမည့် အကျိုးအမြတ်ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၃၃၉.၆၁၆ သန်း နှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁၆၁.၄၆၀ သန်း ရရှိမည်ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၈ နှစ်၊ ၃လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ ၁၅.၀၂% ဖြစ်ပါသည်။

၈။ ယင်းအဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထားများ တောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည်-

(က) **မွန်ပြည်နယ်အဖွဲ့ရုံး**မှ Linn Shwe Sin Co., Ltd. မှ လျှောက်ထားလာသည့် မြေနေရာသည် နောင်ပြုလုပ်မည့် သို့မဟုတ် လက်ရှိမြို့ပြ စီမံကိန်းကို ထိခိုက်မှုမရှိကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားကို ထိခိုက်မှုမရှိကြောင်း၊ မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက်

အထောက်အကူ ဖြစ်နိုင်ကြောင်း၊ ဖော်ပြပါ မြေနေရာအား အဆိုပြု လုပ်ငန်း ဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်မှုရှိပါကြောင်း နှင့် စီမံချက်ပါ ကာလအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက မွန်ပြည်နယ် အစိုးရအဖွဲ့အနေ ဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ထောက်ခံပြန်ကြားလာပါသည်။

နောက်ဆက်တွဲ-က

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ** အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားလာပါသည်-

(၁) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေး နှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက်လုပ်ငန်း ဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာ တွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ အကျိုးပြု လုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility – CSR)အတွက် အသားတင်အမြတ်၏ (၂%)အား အသုံး ပြုခြင်းအပါအဝင် ကတိက ဝတ်များအားလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ။

(၂) လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုမရှိစေရေး (သို့မဟုတ်)ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ကနဦးပတ်ဝန်းကျင်ဆန်းစစ် ခြင်း (Initial Environmental Examination - IEE) ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နှင့်အညီ အစီရင်ခံစာ ရေးသားတင်ပြရန်။

(၃) အဆိုပါ လေ့လာဆန်းစစ်မှုများကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှု မဖြစ်စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံ ခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်း

ကျင်ထိခိုက်မှု လျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများ အတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ပါဝင်သည့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan- EMP) ရေးဆွဲတင်ပြရန် နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ဆန္ဒနှင့်သဘောထားများ ရယူဆောင်ရွက်ရန်။

နောက်ဆက်တွဲ - ခ

၉။ ငွေကြေးအထောက်အထားအဖြစ် Linn Shwe Sin Co., Ltd. (လင်းရွှေစင်ကုမ္ပဏီ လီမိတက်)သည် ၂၃ -၂-၂၀၁၆ ရက်စွဲဖြင့် ကျပ်သန်း ၃၀၀ ရှိကြောင်း ဧရာဝတီဘဏ်၏ ထောက်ခံစာ မိတ္တူ တင်ပြထားပါသည်။

၁၀။ Linn Shwe Sin Co., Ltd. (လင်းရွှေစင်ကုမ္ပဏီ လီမိတက်)အား ကုမ္ပဏီမှတ်ပုံတင် အမှတ်-၁၂၅၁/ ၂၀၁၃- ၂၀၁၄ (၁၃-၆-၂၀၁၃)ရက်စွဲဖြင့် ဖွဲ့စည်းမှတ်ပုံတင်ထားပြီး (၁၂-၆-၂၀၁၈) ရက်နေ့ အထိ သက်တမ်းရှိကြောင်း အထောက် အထား နှင့် ဒါရိုက်တာစာရင်းအား ပူးတွဲ တင်ပြထားပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၀ အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်၊ ကုမ္ပဏီ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင်သာယာရေးအတွက် အသေးစိတ် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးစီမံချက်၊ ရေနှင့် လျှပ်စစ်ဓါတ်အားရယူသုံးစွဲမှုအစီအစဉ်များ၊ ဝန်ထမ်း၏ တစ်နှစ်လစာသည် ကျပ် လေးဆယ့် ရှစ်သိန်း ကျော်လွန်ပါက ဝင်ငွေခွန်ပေးဆောင်မည် ဖြစ်ကြောင်းဝန်ခံချက်များ နှင့် အဆိုပြု လုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ရေထု၊ လေထုနှင့် မြေထုတို့ကို ညစ်ညမ်းမှု မဖြစ်ပွားစေရေးအတွက် လိုအပ်သော အစီအမံများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု နှင့် ဘေးအန္တရာယ် မဖြစ်ပွားစေရန်အတွက် နိုင်ငံတော်အစိုးရမှ ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၂။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အခြေခံစီးပွားရေး အဆောက်အဦကို အထောက်အကူပြုသော လုပ်ငန်းဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ်

မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထားမည်ဖြစ်ပါကြောင်း၊ နှင့် အလုပ်အကိုင်သစ်ပေါ်ပေါက်လာမည့် အခြေအနေ၊ ဝင်ငွေခွန် ပေးဆောင်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုချက်စသည်တို့ကို တင်ပြထားပါသည်။

၁၃။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုစီမံချက်အနေနှင့် ကုမ္ပဏီမှ ပုံမှန်လျှပ်စစ်ဓာတ်အားကို သုံးစွဲမည်ဖြစ်ပြီး ပုံမှန်လျှပ်စစ်ဓာတ်အား ရရှိမှု မလုံလောက်ပါက (၃၂၀ KVA) Generator တစ်လုံး၊ (၃၀၀ KVA) Generator တစ်လုံး၊ (၂၀၀ KVA) Generator တစ်လုံးတို့ဖြင့် အားဖြည့် သုံးစွဲမည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၄။ ကုမ္ပဏီမှ လူမှုရေးဆိုင်ရာတာဝန်ယူမှုများ (Corporate Social Responsibility-CSR) အတွက် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ထမ်းဆောင်ပြီးနောက် ကျန်ရှိသော အသားတင် အမြတ်၏ ၂ % ထားရှိမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

စိစစ်တင်ပြချက်

၁၅။ (က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန နှင့် Linn Shwe Sin Co., Ltd. တို့အကြား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသည့် နှစ်ရှည် စာချုပ် (မူကြမ်း) နှင့် အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ၁၆-၃-၂၀၁၆ ရက်စွဲပါစာဖြင့် ကုလားမတောင်ကြိုးဝိုင်း၊ အကွက် အမှတ်-၅၂၊ ၅၃ရှိ မြေဧရိယာ (၁၅၀) ဧကကို ငှားရမ်း၍ လမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့် တင်ပြလာခြင်း ဖြစ်ပါသည်။

(ခ) မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကျုံကကျေးရွာ အုပ်စု၊ ဂန့်ဂေါ်ကွင်း ကွင်းအမှတ်- ၈၉၄၊ ဦးပိုင်အမှတ်- (၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၃၀/၁၊ ၁၃၀/၂၊ ၁၂၈၊ ၁၂၉) စုစုပေါင်းမြေဧရိယာ ၉ ဧက အနက်မှ ၅ ဧက၏ လယ်ယာမြေအား အခြား နည်းအသုံးပြုခွင့် ပုံစံ-၁၅ (က) တင်ပြထား ပါသည်။

(ဂ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ဓါတ်သတ္တုခွန် ၂၇၅,၀၀၀ ကျပ် တိတိအား ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ပေးဆောင်ပြီးကြောင်း အထောက်အထား၊ ကျောက်ထုတ်လုပ်ခွင့်ပြုထားသည့် ဧက ၁၅၀ ၏ ၂၀% ဖြစ်သည့် ၃၀ ဧကတွင် သစ်တောသစ်ပင်ပြန်လည်စိုက်ပျိုးရေး လုပ်ငန်းစီမံချက်နှင့် ဒေသခံပြည်သူများ၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်များ တင်ပြထားပါသည်။

(ဃ) ကျောက်မိုင်းခွဲရာတွင်အသုံးပြုမည့် ယမ်းများသိုလှောင်ရန် အမှတ်(၁၀၂)မြေမြန် တပ်ရင်းတွင်(၁၀)တန်ဆံ့ အမြဲတမ်းယမ်းတိုက်(၂)လုံး ဆောက်လုပ်ရန်အတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက် နှင့်အတူ ပေါင်မြို့နယ်၊ မုတ္တမနယ်မြေ ရဲစခန်း ထောက်ခံချက်တို့ချက်အား တင်ပြ ထားပါသည်။

(င) လင်းရွှေစင်ကုမ္ပဏီလီမိတက်အား ကျောက်ထုတ်လုပ်ခွင့်ပြုထားသည့် ကုလားမတောင် ကြိုးဝိုင်း၊ အကွက်အမှတ်-၅၂၊ ၅၃ အတွင်းရှိ မြေဧရိယာ ၁၅၀ဧက၏ တည်နေရာ ပြမြေပုံ နှင့် မြေတိုင်းမြေပုံအား တင်ပြထားပါသည်။

(စ) မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် Long Life Aggregate Mining Co., Ltd. တည်ထောင်ပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်များ တူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းအား ခွင့်ပြုမိန့်အမှတ်၊ မနသ- ၁၀၉၆/ ၂၀၁၅ (၁၁-၁၁-၂၀၁၅)ဖြင့်လည်းကောင်း၊ Myanma Rock Mountain Co., Ltd. တည်ထောင်ပြီး လမ်းခင်းကျောက်နှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးကျောက် ထုတ်လုပ် ဖြန့်ဖြူးခြင်း လုပ်ငန်းအား ခွင့်ပြုမိန့်အမှတ်၊ မနသ- ၁၁၀၄/ ၂၀၁၅ (၁-၁၂-၂၀၁၅)ဖြင့် လည်းကောင်း ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရ ပါသည်။

(ဆ) ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းတန်ဖိုးမှာ လုပ်ငန်းသုံးစက်ပစ္စည်း ၂ မျိုး အမေရိကန်ဒေါ်လာ ၄.၂ သန်း ဖြစ်ကြောင်းစိစစ်တွေ့ရှိရပါသည်။

(ဇ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အမိန့်ကြော်ငြာစာ ၄၉/၂၀၁၄ အရ ခွင့်မပြုသော စီးပွားရေးလုပ်ငန်းအမျိုးအစားစာရင်းနှင့် အမိန့်ကြော်ငြာစာ ၅၀/၂၀၁၄ အရ အကောက်ခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် နှင့် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်မပေးသော လုပ်ငန်းများစာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၆။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၁၁)၊ ပုဒ်မ၂၀(က၊ ဂ၊ ဃ၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ) အရ အခွန်အကောက်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြလျှောက်ထား လျှင် ခွင့်ပြုနိုင်မည်ဖြစ်ပါမည်။

ဆုံးဖြတ်ရန်အချက်

၁၇။ Linn Shwe Sin Co., Ltd. (လင်းရွှေစင်ကုမ္ပဏီ လီမိတက်)မှ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်-၅၂၊ ၅၃ရှိ မြေဧရိယာ (၁၅၀) ဧက အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှနှစ်ရှည်မြေငှားရမ်းသည့် စနစ်ဖြင့် ငှားရမ်း၍သော်လည်းကောင်း၊ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကျုံကကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်- (၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၃၀/၁၊ ၁၃၀/၂၊ ၁၂၈၊ ၁၂၉) ဂန့်ဂေါ်ကွင်း၊ ကွင်းအမှတ်- ၈၉၄၊ စုစုပေါင်းမြေဧရိယာ ၉ ဧက အနက်မှ ၅ ဧကတွင် လည်းကောင်း လမ်းခင်းကျောက်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်နယ်အစိုးရအဖွဲ့

မွန်ပြည်နယ်

နောက်ဆက်တွဲ (က)

MY-227
15.3.2016

စာအမှတ်၊ ၁၀၀ / ၁ - ၆၉/ ၀၁၇ (မွန်)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရန်ကုန်မြို့၏ (၈-၃-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက-၅ (အ) / မ - ၀၀၈ / ၂၀၁၆ (၁၃၁)

၁။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြီးဝိုင်း၊ အကွက်အမှတ်- (၅၂/၅၃)ရှိ **မြေ ၁၅၀ ဧကအား** ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန မှ နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် **ငှားရမ်း၍လည်းကောင်း၊** မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ကျုံကကျေးရွာ အုပ်စု၊ ကွင်းအမှတ် - ၈၉၄၊ ဂန့်ဂေါ်ကွင်း၊ ဦးပိုင်အမှတ် (၁၂၅၊ ၁၂၆၊ ၁၂၇၊၁၃၀/၁၊ ၁၃၀/၂၊ ၁၂၈၊ ၁၂၉) ရှိ စုစုပေါင်းမြေ (၉. ၀၀)ဧကအနက် မှ **(၅. ၀၀)ဧကတွင် သော်လည်းကောင်း၊ လမ်းခင်းကျောက် ထုတ်လုပ်ခြင်း နှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအား** Linn Shwe Sin Co., Ltd မှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခဲ့ပြီး၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အခန်း(၃)အပိုဒ်(၁၁)ပါ ပြဌာန်းချက် နှင့် အညီအဆိုပြုချက်ကို ကော်မရှင်ကစိစစ်ရာတွင် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရ၏ သဘောထားများကို ရယူရန်လိုအပ်ကြောင်း ၊ သက်ဆိုင်ရာဝန်ကြီးချုပ်ကိုယ်တိုင်စိစစ်ထောက်ခံ ပေးနိုင်ပါရန် အောက်ပါသဘောထားမှတ်ချက်နှင့်အတူ ရက်သတ္တပတ် တစ်ပတ်အတွင်း ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်၊ အဖွဲ့ဖြင့်စိစစ်ပြီး အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုမည့်နေရာသည်နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိ မြို့ပြစီမံကိန်းကို ထိခိုက်ခြင်း **(မရှိပါ)**

(ခ) မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်း နှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ **(ဖြစ်ပါသည်)**

(ဂ) ဖော်ပြပါ မြေနေရာအား အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး ပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း **(ရှိပါသည်)**

Thaung Nu (ii)
42

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်မည့် မြေနေရာ **(မှန်ကန်ပါသည်)**

(င) ပြည်နယ်အစိုးရအဖွဲ့၏ အကြံပြုချက်အနေဖြင့် **(စီမံချက်ပါကာလအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါ)**

၂။ သို့ဖြစ်ပါ၍ Linn Shwe Sin Co., Ltd **မှ လမ်းခင်းကျောက်ထုတ်လုပ်ခြင်း နှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား** မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားခြင်း နှင့် ပတ်သက်၍ နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်မှုမရှိခြင်း ပြည်သူတို့၏ လူမှုစီပွားရေးကို ထိခိုက်နိုင်မှုမရှိခြင်း ၊ မြို့နယ်ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း နှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ခြင်း ၊ ဒေသခံများမှ လူမှုရေး ၊ စီးပွားရေး ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ ကုမ္ပဏီ မှ (EIA , SIA)ဆောင်ရွက်လျှက်ရှိပြီး ၊ လမ်းခင်းကျောက်ထုတ်လုပ်ခွင့်အား လက်ခံနိုင်သည့် လုပ်ငန်း (၁)ခုဖြစ်သည့်အတွက် **ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီမံချက်ပါအတိုင်းဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိကြောင်း သဘောထား** ပြန်ကြားပါသည်။

ဦးအုန်းမြင့်
ပြည်နယ်ဝန်ကြီးချုပ်

မိတ္တူကို

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ၊ နေပြည်တော်
ပြည်ထောင်စုဝန်ကြီးရုံး ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊နေပြည်တော်
Linn Shwe Sin Co., Ltd
ရုံးလက်ခံစာတွဲ
မျှောစာတွဲ

Thaung Nu (II)
43

M4-253
17.3.16

နောက်ဆက်တွဲ (ခ)

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ ၀၀၁/ MIC(OSS) /၀၁(၉၂ / ၁၆)
ရက် စွဲ ၊ ၂၀၁၆ခုနှစ် မတ် လ ၁၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **လင်းရွှေစင်ကုမ္ပဏီလီမိတက် မှ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းအားဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၈-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/ မ-၀၀၈/ ၂၀၁၆(၁၂၈)

၁။ လင်းရွှေစင်ကုမ္ပဏီလီမိတက်မှ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၂/၅၃)ရှိမြေ ၁၅၀ဧကအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့်ငှားရမ်း၍သော်လည်းကောင်း၊ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကျုံကကျေးရွာအုပ်စု၊ ကွင်းအမှတ်-၈၉၄၊ ဂန့်ဂေါ်ကွင်း၊ ဦးပိုင်အမှတ် (၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၃၀/၁၊ ၁၃၀/၂၊ ၁၂၈၊ ၁၂၉)ရှိ စုစုပေါင်းမြေ ၉ဧက အနက်မှ ၅ဧက တွင်လည်းကောင်း၊ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်း ကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသောအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ်(၃၀)နှင့်တည်ဆောက်ရေးကာလမှာ(၁)နှစ်ဖြစ်ကြောင်း ဝန်ထမ်းများသက်သာချောင်ချိရေးနှင့်သာယာပျော်ရွှင်ရေးအစီအမံများ၊ မီးဘေးကာကွယ်ရေးအစီအမံများကိုလည်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏(၂%)အား လူမှုရေးအကျိုးပြုလုပ်ငန်းများတာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility – CSR)လုပ်ငန်းများတွင် ထည့်ဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အလုပ်ရုံအတွင်း စနစ်တကျအမှိုက်စွန့်ပစ်ရန်စီစဉ်ထားရှိခြင်း လုပ်ငန်းခွင်မှထွက်ရှိလာမည့် အမှိုက်မျိုးစုံအား စက်မှုဇုန်နှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီ၏စီမံမှုဖြင့်စနစ်တကျစွန့်ပစ်သွားမည်ဖြစ်ကြောင်း၊ ရေနုတ်မြောင်းများ၏သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ လင်းရွှေစင်ကုမ္ပဏီလီမိတက်မှလမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွန်တူးဖော်ခြင်း၊ ယမ်းများ/ စနက်ကြိုးများသုံး၍မိုင်းခွဲခြင်းလုပ်ငန်းများကြောင့် ထွက်ရှိလာမည့် အမှုန်အမွှားများ၊ ကျောက်အပိုင်းအစများကြောင့် ပတ်ဝန်းကျင်ရေထုနှင့်မြေထုညစ်ညမ်းခြင်း၊ ရေတိုက်စားခြင်း၊ ဆက်စပ်မြေလွှာကျောက်လွှာများပြိုကျခြင်းကြောင့် အနီးပတ်ဝန်းကျင်ရှိ မြစ်ချောင်းများအား တိမ်ကောစေခြင်းနှင့်ညစ်ညမ်းစေခြင်း၊ အလုပ်သမားများအား အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့်မျက်စေ့ခန္ဓာကိုယ်အစိတ်အပိုင်းများအား ထိခိုက်စေနိုင်ခြင်း၊ လုပ်ငန်းသုံးယာဉ်ယန္တရားများမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများဖြစ်သော အမဲဆီ၊ အင်ဂျင်ဝိုင်နှင့်ဖိတ်စင်စက်မောင်းဆီများကြောင့်လည်းကောင်း၊ ဆူညံသံများကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်အားညစ်ညမ်းစေခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ လင်းရွှေစင်ကုမ္ပဏီလီမိတက်မှ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများတာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility – CSR)အတွက် အသားတင်အမြတ်၏(၂%)အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအားလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး(သို့မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း**(Initial Environmental Examination –IEE)ကိုဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီအစီရင်ခံစာရေးသားတင်ပြရန်။

(ဂ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး(သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Manangement Plan – EMP)ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

LINN SHWE SIN CO., LTD.

လင်းရွှေစင်ကုမ္ပဏီလီမိတက်

မှ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

သို့

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊
ကုလားမတောင်ကြီးဝိုင်း၊ အကွက်အမှတ်
(၅၂/၅၃) ၏ မြေ (၁၅၀.၀၀) ဧကတွင်

လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်အဆိုပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

သစ်တောဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး

စာအမှတ်၊ စီမံကိန်း/သဥ္စ(၁၄၄/၂ . ၄ ၃ / ၁၅)

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ

ထွန်းတောက်စကုမ္ပဏီလီမိတက်

အမှတ်(၂၈၈/၂၉၀)၊ အခန်း(၉၀၄)၊ ရွှေတိဂုံ

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းအရာ။ **နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် လမ်းခင်းကျောက်ထုတ်လုပ်ခွင့်ပြုပါရန် လျှောက်ထားခြင်း**

ရည်ညွှန်းချက် ။ ထွန်းတောက်စကုမ္ပဏီလီမိတက်၏ ၃၁-၈-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၀၈၀ (၂၀)၈-၂၀၁၅

၁။ ထွန်းတောက်စကုမ္ပဏီလီမိတက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ မြို့ပြနယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် ရန်ကုန်တိုင်းသီလဝါစက်မှုဇုံအတွက် လမ်းခင်းကျောက်များ ထုတ်လုပ်ဖြန့်ဖြူးရန် လိုအပ်သော လမ်းခင်းကျောက်များအား တိုးချဲ့ထုတ်လုပ်လိုပါသဖြင့် နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုပေးရန် တင်ပြလျှောက်ထားသည့် ကိစ္စနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ နှစ်ရှည်မြေငှားစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့် လျှောက်ထားရန် လိုအပ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် ကိုယ်စား

ခင်မောင်ဦး၊ ညွှန်ကြားရေးမှူး(စီမံကိန်း)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံးအတွင်း၊ သစ်တောဦးစီးဌာန

မျောစာတွဲ

ရုံးလက်ခံ

LINN SHWE SIN COMPANY LIMITED

No. (288/290), Room No (904), M.W.E.A Tower, Shwedagon Pagoda Road, Yawmingyi Quarter
Dagon Township, Yangon, Myanmar. ☎ : 01-254114, 01-385233, 09-8623988, 09-4300828

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလ ( )ရက်။

အကြောင်းအရာ။ ။လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းခွင့်ပြုပေးနိုင်ပါရန်အဆိုပြုလွှာပေးပို့ခြင်း။

ကျွန်တော်တို့၏ (Linn Shwe Sin Co., Ltd.) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနပိုင် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြီးဝိုင်း၊ အကွက်အမှတ် (၅၂/၅၃) ၏မြေ (၁၅၀) ဧကပေါ်တွင် စက်ရုံတည်ဆောက်ပြီးကနဦးနှစ် (၃၀) ငှားရမ်း၍လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပြီးအဆိုပြု လုပ်ငန်းကိုမြန်မာနိုင်ငံ သားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုမိန့် ဖြင့်လုပ်ငန်းဆောင် ရွက်မည်ဖြစ်ပါသည်။

သို့ပါ၍အဆိုပြုလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန်နှင့်စိစစ်ပေးနိုင်ပါရန်တွက် အဆိုပြုလွှာ ( ) စုံကိုပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

[signature]

ဦးထွန်းလှ

မန်နေဂျင်းဒါရိုက်တာ

Linn Shwe Sin Co., Ltd.

LINN SHWE SIN COMPANY LIMITED

No. (288/290), Room No (904), M.W.E.A Tower, Shwedagon Pagoda Road, Yawmingyi Quarter
Dagon Township, Yangon, Myanmar. ☎ : 01-254114, 01-385233, 09-8623988, 09-43008288

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလ ( )ရက်။

အကြောင်းအရာ။ ။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၁၁)ပုဒ်မ(၂၀)အရအခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များအားခံစားခွင့်ပြုပါရန်လျှောက်ထားခြင်း။

ကျွန်တော်တို့၏ (Linn Shwe Sin Co., Ltd.) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနပိုင် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၅၂/၅၃) ၏မြေ (၁၅၀) ဧကပေါ်တွင် စက်ရုံတည်ဆောက်ပြီးကနဦး နှစ် (၃၀) ငှားရမ်း၍လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပြီးအဆိုပြု လုပ်ငန်းကိုမြန်မာနိုင်ငံ သားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုမိန့် ဖြင့်လုပ်ငန်းဆောင် ရွက်မည်ဖြစ်ပါသည်။

ကျွန်တော်တို့၏ကုမ္ပဏီသည် အဆိုပြုလုပ်ငန်းအား အမေရိကန်ဒေါ်လာ(၄. ၂၀)သန်းအပါအဝင်ကျပ်သန်း (၇၁၀၀.၀၀) သန်းကိုရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီးယင်းတွင်ငွေသား ကျပ်(၁၁၅. ၃၅)သန်း၊ စက်ပစ္စည်းနှင့်လုပ်ငန်းသုံးပစ္စည်း အမေရိကန်ဒေါ်လာ(၄. ၂၀)သန်း အပါအဝင်ကျပ် (၆၇၁၇. ၀၀) သန်း၊ ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းကျပ်(၁၂. ၆၅)သန်းနှင့်အဆောက်အဦတန်ဖိုးကျပ်(၂၅၅. ၀၀)သန်းကိုရင်းနှီးမြှုပ်နှံမည် ဖြစ်ပါသည်။

ကျွန်တော်များ ကုမ္ပဏီ သည်ကုန်ထုတ်လုပ်မှုကြောင့်ဖြစ်ပေါ်လာနိုင်သည့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့်ဒေသခံပြည်သူလူထု၏လူမှုရေး၊ ကျန်းမာရေးနှင့်အခြားထိခိုက်နစ်နာမှုများမရှိစေရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများ၏လမ်းညွှန်မှုခံယူ၍အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက နိုင်ငံတော်အတွက် နိုင်ငံခြားငွေနှင့်အခွန်ဘဏ္ဍာငွေများရရှိစေမည်ဖြစ်ပြီးမြန်မာနိုင်ငံသားများအတွက်အလုပ်အကိုင်အခွင့်အလန်းများရရှိစေရေး၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအားအထောက်အကူပြုနိုင်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်၊

သို့ပါ၍နိုင်ငံသားပိုင်ကျွန်တော်များ ကုမ္ပဏီ၏ရှင်သန်လည်ပတ်နိုင်ရေး၊ ဝန်ထမ်းများလုံလောက်သည့်အခကြေးငွေဖြင့် လျာထားသည့်ဝန်ထမ်းအင်းအားပြည့်ခန့်ထားနိုင်ရေး၊ နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာ ငွေ

LINN SHWE SIN COMPANY LIMITED

No. (288/290), Room No (904), M.W.E.A Tower, Shwedagon Pagoda Road, Yawmingyi Quarter
Dagon Township, Yangon, Myanmar. ☎ : 01-254114, 01-385233, 09-8623988, 09-43008288

များဖြည့်ဆည်းပေးနိုင်ရေး၊ နိုင်ငံတည်ဆောက်ရေးတွင်အခြားသောလုပ်ငန်းများနှင့်တရားမျှတစွာယှဉ်ပြိုင်ပြီး ပါဝင်ခွင့်ရရှိရေးအတွက်ကျွန်တော်တို့၏အဆိုပြုလျှောက်ထားခြင်းကိုလက်ခံစဉ်းစားပေးပါရန်နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၁၁)၊ပုဒ်မ(၂၀)အရအခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအား ခံစားခွင့်ပြုပါရန်လျှောက်ထားအပ်ပါသည်။

အဆိုပြုလွှာနှင့်အတူအောက်ဖော်ပြပါအထောက်အထားစာရွက်စာတန်းများကိုပူးတွဲတင်ပြအပ်ပါသည်

-

(က) ကမကထပြုသူ၏လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုချက်
(ခ) ဘဏ္ဍာရေးအချက်အလက်များနှင့်ပတ်သက်၍တွက်ချက်မှုဇယားများ
(ဂ) လုပ်ငန်းပိုင်းနှင့်ငွေရေးကြေးရေးအထောက်အထားများ၊
(ဃ) မြေငှားစာချုပ်အထောက်အထား
(င) ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းနှင့်ကုမ္ပဏီမှတ်ပုံတင်ထားပြီးဖြစ်ကြောင်း အထောက်အထားများ၊

လေးစားစွာဖြင့်

ဦးထွန်းလှ

မန်နေဂျင်းဒါရိုက်တာ

Linn Shwe Sin Co., Ltd.

LINN SHWE SIN COMPANY LIMITED

No. (288/290), Room No (904), M.W.E.A Tower, Shwedagon Pagoda Road, Yawmingyi Quarter, Dagon Township, Yangon, Myanmar. ☎ : 01-254114, 01-385233, 09-8623988, 09-43008288

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလ (   )ရက်။

အကြောင်းအရာ။ ။<u>လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ကတိခံဝန်ချက်များ တင်ပြခြင်း။</u>

ကျွန်တော်တို့၏ (Linn Shwe Sin Co., Ltd.) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနပိုင် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြီးဝိုင်း၊ အကွက်အမှတ် (၅၂/၅၃) ၏မြေ (၁၅၀) ဧကပေါ်တွင် စက်ရုံတည်ဆောက်ပြီးကနဦးနှစ် (၃၀) ငှားရမ်း၍လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပြီးအဆိုပြု လုပ်ငန်းကိုမြန်မာနိုင်ငံ သားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုမိန့် ဖြင့်လုပ်ငန်းဆောင် ရွက်မည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင်အောက်ပါတို့ကိုဝန်ခံကတိပြုတင်ပြအပ်ပါသည်-

- ဤအဆိုပြုလုပ်ငန်းသည်မြန်မာနိုင်ငံသားများသာလျှင်ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပြီးနိုင်ငံခြားသားမည်သူတစ်ဦးတစ်ယောက်မျှပါဝင်ပိုင်ဆိုင်ခြင်းလုံးဝမရှိကြောင်းဝန်ခံကတိပြုပါသည်၊
- ဤအဆိုပြုလုပ်ငန်းသည်နိုင်ငံတော်၏တည်ဆောက်ရေးလုပ်ငန်း၊ လမ်းပမ်းဆက်သွယ်ရေးလုပ်ငန်းများအတွက်အရေးပါသည့် လုပ်ငန်းသဘာဝကြမ်းတမ်းသည့် တည်ဆောက်ရေးလုပ်ငန်းသုံးကုန်ကြမ်းထုတ်လုပ်သည့်လုပ်ငန်းဖြစ်ပြီးထိုသို့ဆောင်ရွက်ရာတွင်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုမိန့်ရယူထားခြင်းမရှိကြောင်းဝန်ခံကတိပြု ပါသည်၊
- မြေယာနှင့်ပတ်သက်သည့်နိုင်ငံတော်အစိုးရမှသတ်မှတ်ပြဌာန်းထားသည့်စည်းကမ်းချက်များ၊ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်၊
- ဤအဆိုပြုလုပ်ငန်းများဆောင်ရွက်ရာတွင်ပတ်ဝန်းကျင်ရေထု၊လေထုနှင့်မြေထုတို့ကိုညစ်ညမ်းမှုမဖြစ်ပွားစေရန်အတွက်လိုအပ်သောအစီအမံများမီးဘေးကြိုတင်ကာကွယ်မှုများကိုနိုင်ငံတော်မှသတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်းဝန်ခံကတိပြုပါသည်၊
- မိမိတို့ကုမ္ပဏီဝန်ထမ်းများ၏ လစာငွေ(၁)နှစ်လျှင်ဝင်ငွေကျပ် (၄,၈၀၀,၀၀၀/-) အထက်ရရှိသောဝန်ထမ်းများ၏ဝင်ငွေခွန်ကိုသတ်မှတ်ထားသောနှုန်းထားများအတိုင်းကုမ္ပဏီမှပေးဆောင်သွားမည်ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်၊

LINN SHWE SIN COMPANY LIMITED

No. (288/290), Room No.(904), M.W.E.A Tower, Shwedagon Pagoda Road, Yawmingyi Quarter, Dagon Township, Yangon, Myanmar. ☎ [illegible]

- လုပ်ငန်းအကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင်နိုင်ငံတော်၏စက်ရုံအလုပ်ရုံအလုပ်သမားဥပဒေ အခြေခံစည်းမျဉ်းစည်းကမ်းများကိုလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်၊
- C.S.R ရံပုံငွေအဖြစ်နှစ်စဉ်ကုမ္ပဏီအသားတင်အမြတ်ငွေ၏(၂)ရာခိုင်နှုန်းအားသီးသန့်ထားရှိမည် ဖြစ်ကြောင်းကတိပြုတင်ပြအပ်ပါသည်၊
- မိမိတို့အလုပ်ရုံမှလုပ်ငန်းဆောင်ရွက်ရာတွင်ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးစနစ်တကျအစီအမံ များ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်းတင်ပြအပ်ပါသည်၊

လေးစားစွာဖြင့်

ဦးထွန်းလှ

မန်နေဂျင်းဒါရိုက်တာ

Linn Shwe Sin Co., Ltd.

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏အဆိုပြုချက်

[ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ဂ]

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

နေပြည်တော်

စာအမှတ်

ရက်စွဲ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ( ) ရက်။

ကျွန်တော်/ ကျွန်မသည်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါသဖြင့်ခွင့်ပြုမိန့်ထုတ်ပေးပါရန်အောက်ပါ အချက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်၊

ရင်းနှီးမြှုပ်နှံလိုသူ၏ –

(က)အမည် ဦးထွန်းလု

(ခ)အဖအမည် ဦးချိန်ဖူးကျိန်း (ခ) ဦးလှမောင်

(ဂ)နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ် ၉/မမန (နိုင်) ၀၇၇၄၂၁

(ဃ)နေရပ်လိပ်စာ အမှတ်(၂၈၈/၂၉၀)၊ အခန်းအမှတ် (၉၀၄)၊ အမ်၊ ဒဗလျူအီးအေ

တာဝါ၊ ရွှေတိဂုံဘုရားလမ်း၊ ရောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

(င)လူမျိုး၊ဘာသာ ကိုးကန့်တရုတ်/ဗုဒ္ဓဘာသာ

(စ)အဖွဲ့အစည်းအမည် လင်းရွှေစင်ကုမ္ပဏီလီမိတက်

(ဆ)လုပ်ငန်းအမျိုးအစား လုပ်ငန်းစုံ

(ဇ)အဖွဲ့အစည်းတည်ရှိရာအရ အမှတ်(၂၈၈/၂၉၀)၊ အခန်းအမှတ် (၉၀၄)၊ အမ်၊ ဒဗလျူအီးအေ

တာဝါ၊ ရွှေတိဂုံဘုရားလမ်း၊ ရောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

၂။ဖက်စပ်ပြုလုပ်၍ရင်းနှီးမြှုပ်နှံလိုပါကဖက်စပ်ပြုလုပ်မည့်သူများ၏ -

(က) အမည် (၁)................................ (၂)......................................

....

(ခ) အဖအမည် (၁)................................ (၂)......................................

....

(ဂ) နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်

(၁)................................ (၂)......................................

(ဃ) နေရပ်လိပ်စာ (၁)................................ (၂)......................................

....

(င) လူမျိုး၊ဘာသာ (၁)................................ (၂)......................................

....

(စ) အဖွဲ့အစည်းအမည် ....

(ဆ) လုပ်ငန်းအမျိုးအစား ....

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ်...

....

....

(နှစ်ဦးသို့မဟုတ် အဖွဲ့အစည်းနှစ်ခုထက်ပိုပါကသီးခြားစာရွက်တွင်ဖော်ပြပေးရန်)

(၃) ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်လုပ်ငန်းအမျိုးအစား-

(က)ကုန်ထုတ်လုပ်မှုလုပ်ငန်း လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း

(ခ)ဝန်ဆောင်မှုလုပ်ငန်း..

(ကုန်ပစ္စည်းအမည်သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားကိုဖော်ပြရန်)

(၄) လုပ်ကိုင်မည့်စီးပွားရေးပုံစံ-

(က)နိုင်ငံသားနှင့်နိုင်ငံသားတို့ကအစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

(ခ)အဖွဲ့အစည်းနှင့်နိုင်ငံသားတို့ကဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

(ဂ)အဖွဲ့အစည်းနှင့်အခြားအဖွဲ့အစည်းတို့ကဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့်သို့မဟုတ်ဖွဲ့စည်းမည့်စီးပွားရေးပုံသဏ္ဌာန်-

(က) တစ်ဦးတည်းပိုင်..

(ခ) ဖက်စပ်/အစုစပ်လုပ်ငန်း...

(ဂ) လီမိတက်ကုမ္ပဏီ လင်းရွှေစင်ကုမ္ပဏီလီမိတက်

(ဃ) သမဝါယမအသင်း (အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ)

(အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ/အများပိုင်ကုမ္ပဏီဟုဖော်ပြ၍ထည့်ဝင်မည့်မတည်ငွေရင်းအမျိုးအစား၊စီမံခန့်ခွဲသူ/စီမံခန့်ခွဲမည့်သူများ၏အမည်၊နေရပ်လိပ်စာများနှင့်ရာထူးတို့ကိုပူးတွဲတင်ပြရန်) နောက်ဆက်တွဲ (၁)

၆။ ဖက်စပ်/အစုစပ်လုပ်ငန်းဖြစ်ပါက-

(က) အစုစပ်တို့ကထည့်ဝင်မည့်အစုငွေအမျိုးအစားနှင့်ပမာဏ

....

(ခ) အကျိုးအမြတ်ခွဲဝေမည့်အမျိုးအစား

....

(ဂ) အစုစပ်ဝင်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

....

(နေရာမလုံလောက်ပါကသီးခြားစာရွက်ဖြင့်ဖော်ပြရန်)

၇။ သမဝါယမအသင်း/လီမိတက်ကုမ္ပဏီဖြစ်ပါက-

(က) ခွင့်ပြုမတည်ငွေရင်း ကျပ် ၁၀၀၀,၀၀၀,၀၀၀/-

(ခ) အစုရှယ်ယာအမျိုးအစား ကျပ် ၁၀၀,၀၀၀ တိတိတန်သာမန်အစုရှယ်ယာ

(ဂ) အစုရှယ်ယာဝင်များကထည့်ဝင်မည့်အစုရှယ်ယာပမာဏ ကျပ် ၇၁၀၀,၀၀၀,၀၀၀/-

(ခွင့်ပြုမိန့်ရရှိပါကမတည်ငွေနှင့်ထည့်ဝင်ငွေအားတိုးမြှင့်သွားမည်ဖြစ်ကြောင်းတင်ပြအပ်ပါသည်)

၈။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်အဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ-

(က) မတည်ငွေရင်းပမာဏ(ကျပ်သန်းပေါင်း)	ကျပ်	US$	စုစုပေါင်းကျပ်
(၁) ငွေပမာဏ	၁၁၅.၃၅		၁၁၅.၃၅
(၂) စက်ပစ္စည်းတန်ဖိုးပမာဏ (နောက်ဆက်တွဲ-၄)	၁၆၇၇.၀၀	၄.၂၀	၆၇၁၇.၀၀
(၃) အဆောက်အအုံများ (နောက်ဆက်တွဲ-၅)	၂၅၅.၀၀		၂၅၅.၀၀
(၄) ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ တန်ဖိုးပမာဏ(နောက်ဆက်တွဲ-၆)	၁၂.၆၅		၁၂.၆၅
(၅) မြေ			
စုစုပေါင်း	၂၀၆၀.၀၀	၄.၂၀	၇၁၀၀.၀၀

(ခ) နိုင်ငံခြားမှတင်သွင်းရန်လိုအပ်သည့်	ကျပ်	အမေရိကန်ဒေါ်လာ
(၁) စက်ပစ္စည်းများ၊စက်ကိရိယာများ စသည့်ပစ္စည်းတို့၏တန်ဖိုးပမာဏ နောက်ဆက်တွဲ -၄		၄,၂၀၀,၀၀၀
(၂) ကုန်ကြမ်းပစ္စည်းများနှင့်အခြား အလားတူပစ္စည်းများ၏တန်ဖိုး	....	....
(၃) ကျွမ်းကျင်မှုနည်းပညာရပ်များ၏ တန်ဖိုးပမာဏ	....	....

(ဂ) တည်ဆောက်မှုကာလ (၁၂) လ

(ဃ) ပဏာမစူးစမ်းလေ့လာမှုပြုလုပ်မည့်ကာလ (၂) လ

(င) တည်ဆောက်မှုစတင်မည့်အချိန် ခွင့်ပြုမိန့်ရရှိပြီး ရက်ပေါင်း(၆၀)အတွင်း

၉။ ဆောင်ရွက်ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းနှင့်သက်ဆိုင်သောအချက်အလက်များ-

(က) လုပ်ငန်းအမျိုးအစား လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း

(ကုန်ထုတ်လုပ်မှု/ဝန်ဆောင်မှုစသည်ဖြင့်ဖော်ပြရန်)

(ခ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသများ- ၁။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊

ကုလားမတောင်ကြီးဝိုင်း၊ အကွက်အမှတ် (၅၂/၅၃)။

၂။ ဦးပိုင်အမှတ်(၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၃၈/၁၊ ၁၃၈/၂၊ ၁၂၈၊ ၁၂၉)၊ ဂန့်ဂေါကွင်း၊ ကွင်းအမှတ်

(၈၉၄)၊ ကျုံကကျေးရွာအုပ်စု၊ ပေါင်မြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်ရှိစုစုပေါင်းမြေဧရိယာ

(၉) ဧကအနက်မှ (၅) ဧက (၂၀၂၄-၃ စတုရန်းမီတာ)

(ဂ) ဆောင်ရွက်ပုံနည်းစနစ် Normal စနစ်

(ဃ) နှစ်စဉ်စက်သုံးဆီလိုအပ်ချက်-

<u>အမျိုးအစား</u>	<u>အရေအတွက်</u>
၁။	
၂။ နောက်ဆက်တွဲ (၆)	
၃။	

(င) **နှစ်စဉ်လျှပ်စစ်ဓါတ်အားလိုအပ်ချက်-**

<u>အားအသုံးပြုမှု</u> ၃၁၅ KVA

၁။ လျှပ်စစ်ဓါတ်အား ၃၂၀ KVA

၂။ ဓါတ်ဆီ/ဒီဇယ်အင်ဂျင်စက်အင်အား ၃၀၀ KVA, 200KVA

၃။ ဗွိုင်လာအသုံးပြုအင်ဂျင်စက်အား

၄။ သဘာဝဓါတ်ငွေ့သုံးစက်အား ....

၅။ ပေးပို့သည့်အခြားအား ....

(ရေအား/လေအားစသည်များ)

(စ) နှစ်စဉ်ရေလိုအပ်ချက် ၆၃၀၀၀၀ ဂါလံ

(နေ့စဉ်ရေလိုအပ်ချက်ရှိလျှင်ဖော်ပြရန်) တစ်ရက် ၂၀၀၀ ဂါလံ

(ဆ) နှစ်စဉ်လုပ်ငန်းပစ္စည်း/ကုန်ကြမ်းလိုအပ်ချက်

	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး
(၁) အဓိကကုန်ကြမ်း				
(၁)				
(၂)				
(၂) အထောက်အကူကုန်ကြမ်း				
(၁)				
(၂)				
(၃) စက်သုံးဆီ/ဓါတ်ငွေ့များ-				
(၁)	နောက်ဆက်တွဲ - ၇			
(၂)				

(ဇ) အဆောက်အအုံလိုအပ်ချက် နောက်ဆက်တွဲ - ၅

(ဈ) မြေနေရာအမျိုးအစားနှင့်အကျယ်အဝန်းလိုအပ်ချက် သစ်ထောမြေ (၁၅၀)ဧက

(ည) ခန့်မှန်းထုတ်လုပ်မည့်ကုန်ပစ္စည်း/ဆောင်ရွက်မည့်ဝန်ဆောင်မှု

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး
....	....	....	....
	နောက်ဆက်တွဲ - ၉		
....	....	....	....

(ဋ) ရောင်းချမည့်နည်းစနစ် ပြည်တွင်း (၁၀၀)ရာခိုင်နှုန်း

၁၀။ နှစ်စဉ်ကုန်ထုတ်လုပ်မှု/ဝန်ဆောင်မှုနှင့်စပ်လျှင်းသောအချက်အလက်များ-

	ခန့်မှန်းခြေ (သန်းပေါင်း)	
	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) လုပ်ငန်းလည်ပတ်ရန်လိုအပ်မည့်ကျပ်ငွေ	နောက်ဆက်တွဲ - ၁၀	
(ခ) လိုအပ်မည့်နိုင်ငံခြားသုံးငွေ	နောက်ဆက်တွဲ - ၁၀	
(ဂ) ရရှိမည့်နိုင်ငံခြားသုံးငွေပမာဏ		
(ဃ) ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုတန်ဖိုးပမာဏ		
(င) နှစ်စဉ်ပြည်တွင်း၌ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုတန်ဖိုးပမာဏ	နောက်ဆက်တွဲ ၉/၁၀	

၁၁။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းတွင်လိုအပ်မည့်အမှုထမ်းများစာရင်း-

(က) ပြည်တွင်းမှလိုအပ်မည့်ဝန်ထမ်းများ-

<u>အမှုထမ်းအမျိုးအစား</u>	<u>ဦးရေ</u>
အုပ်ချုပ်ရေး၊ရုံးဝန်ထမ်းနှင့်စက်ရုံဝန်ထမ်း	၁၂၂ ဦး
နောက်ဆက်တွဲ - ၁၁	
....	....
....	....
....	....

(ခ) နိုင်ငံခြားမှလိုအပ်မည့်ကျွမ်းကျင်သူနှင့်အတတ်ပညာရှင်များ-

ကျွမ်းကျင်မှုအမျိုးအစား	ဦးရေ	ခန့်ထားမည့်အချိန်ကာလ
....	....	....
....	....	....

၁၂။ စီပွားရေးတွက်ချေကိုက်မှုနှင့်စပ်လျှင်းသောအချက်များ-

	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) နှစ်စဉ်ဝင်ငွေရရှိမှု	နောက်ဆက်တွဲ ၉/၁၀	
(ခ) နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	နောက်ဆက်တွဲ ၁၀	
(ဂ) နှစ်စဉ်အသားတင်အမြတ်	နောက်ဆက်တွဲ ၁၀	
(ဃ) နှစ်အလိုက်ရင်းနှီးမြှုပ်နှံမှု	နောက်ဆက်တွဲ - ၂	
(င) အရင်းကျေကာလ	(၆) နှစ် (၅)လ	နောက်ဆက်တွဲ - ၁၂
(စ) အခြားအကျိုးအမြတ်များ	နောက်ဆက်တွဲ ၁၁-၁၂-၁၃	
(ဆ) အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့်အခြေအနေ	နောက်ဆက်တွဲ - ၁၁	

၁၃။ ဆောင်ရွက်ရန်အဆိုပြုချက်နှင့်စပ်လျှင်းသည့်အထောက်အထားများ၊အဆိုပြုတင်ပြသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက်အောက်ဖော်ပြပါအထောက်အထားများကိုပူးတွဲတင်ပြအပ်ပါသည်။

(က) ပဋိညာဉ်စာချုပ်မူကြမ်း (လိုအပ်သည့်ကိစ္စတွင်)

(ခ) လုပ်ငန်းပိုင်းနှင့်ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများ

(ဂ) လက်ရှိဖွဲ့စည်းပြီးအဖွဲ့အစည်းဖြစ်ပါကသင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်း/ဖွဲ့စည်းခြင်းမရှိသေးပါကသင်းဖွဲ့မှတ်တမ်းမူကြမ်းနှင့် သင်းဖွဲ့စည်းမျဉ်းမူကြမ်း၊

(ဃ) လက်ရှိဖွဲ့စည်းပြီးအဖွဲ့အစည်းဖြစ်ပါကလက်ရှိအခြေအနေနှင့်ပြင်ဆင်ဖွဲ့စည်းမည့်အခြေအနေအထောက်အထားများ။

လက်မှတ်၊ ....

အမည်၊ ဦးထွန်းလု

ရာထူး၊ မန်နေဂျင်းဒါရိုက်တာ

လင်းရွှေစင်ကုမ္ပဏီလီမိတက်

(လျှောက်ထားသူ)

နောက်ဆက်တွဲ - ၁

Linn Shwe Sin Co., Ltd.

အုပ်ချုပ်မှုဒါရိုက်တာစာရင်း

စဉ်	အမည်နှင့်မှတ်ပုံတင်အမှတ်	ရာထူး	လိပ်စာ	မတည်ငွေထည့်ဝင်မှု
၁	ဦးထွန်းလှ ၉/မမန (နိုင်) ၀၇၇၄၂၁	မန်နေဂျင်းဒါရိုက်တာ	အမှတ် (၂၈၈/၂၉၀)၊ အခန်းအမှတ် (၉၀၄)၊ အမ်ဒဗလျူ အီး အေ တာဝါ၊ ရွှေတဂုံဘုရားလမ်း၊ ရောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	၉၈%
၂	ဦးကျော်မြင့် ၁၂/ဗဟန (နိုင်) ၁၀၄၀၇၂	ဒါရိုက်တာ	အမှတ် (၂၄၇/၂၆၉)၊ တိုက် (စီ)၊ အခန်းအမှတ် (၅၀၆)၊ ဒယ်လ်တာပလာဇာ၊ ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	၂%

နောက်ဆက်တွဲ - ၂

Lin Shwe Sin Co., Ltd.

Investment Schedule

Sr. No.	Particulars	Investment		
		Ks.	USD	Total Ks.
1	Cash	115,350,000		115,350,000
2	Machinery	1,677,000,000	4,200,000	6,717,000,000
3	Building	255,000,000		255,000,000
4	Furniture & Stationery	12,650,000		12,650,000
	စုစုပေါင်း	2,060,000,000	4,200,000	7,100,000,000

Remark; Exchange Rate US$ 1 = Ks.1200

နောက်ဆက်တွဲ - ၃

Linn Shwe Sin Co., Ltd.

Depreciation Schedule

Sr. No.	Particulars	Depreciation (5%)		
		Ks.	USD	Total Ks.
1	Machinery	83,850,000	210,000	335,850,000
	Total - 1	**83,850,000**	**210,000**	**335,850,000**
2	Building	12,750,000	-	12,750,000
3	Furniture & Stationery	632,500	-	632,500
	Total - 2	**13,382,500**	-	**13,382,500**
	Total (1+2)	**97,232,500**	**210,000**	**349,232,500**

လျှို့ဝှက်

နောက်ဆက်တွဲ - ၄

Linn Shwe Sin Co., Ltd.

Machinery List (to be imported)

Sr. No.	Particulars	A/U	Qty	Price (USD)	Value (USD)
1	Jaw Crusher 300 ton/hour	set	1	1,500,000	1,500,000
2	Jaw Crusher 400 ton/hour	set	1	2,700,000	2,700,000
	Total - 1				**4,200,000**

Machinery List (Local Purchased)

Sr. No.	Particulars	A/U	Qty	Price (Kyat)	Value (Kyat)
1	Excavator 35 ton	unit	2	200,000,000	400,000,000
2	Bulldozer 20 ton	unit	2	130,000,000	260,000,000
3	PCD Drill	set	2	205,000,000	410,000,000
4	Dump Truck 20 ton	unit	5	20,000,000	100,000,000
5	Light Truck 2 ton	unit	2	7,000,000	14,000,000
6	Fuel Boxer 1800 gls	unit	1	25,000,000	25,000,000
7	Water Boxer 1800 gls	unit	1	18,000,000	18,000,000
8	Wheel Loader	unit	1	70,000,000	70,000,000
9	HCR Drill	set	2	110,000,000	220,000,000
10	Hydraulic Breaker	set	1	110,000,000	110,000,000
11	Generator 300 KVA	set	1	50,000,000	50,000,000
	Total - 2				**1,677,000,000**
	Total - (1 + 2)				**6,717,000,000**

Remark; Exchange Rate US$ 1 = Ks.1200

လျှို့ဝှက်

လျှို့ဝှက်

နောက်ဆက်တွဲ - ၅

Linn Shwe Sin Co., Ltd.

Building Requirement

Sr. No.	Particular	Measurement	A/U	Qty.	Value(Ks)	Remark
1	Factory - 1 (Office & Factory)	190' x 80'	No.	1	155,000,000	1 Storey
2	Factory - 2 (Factory)	80' x 60'	No.	1	100,000,000	1 Storey
	Total (Ks)			**2**	**255,000,000**	

Remark; (Factory - 1)building were already built.

လျှို့ဝှက်

နောက်ဆက်တွဲ - ၆

Linn Shwe Sin Co., Ltd.

Furniture & Office Equipment List

Sr.No.	Particulars	A/U	Qty.	Price (Ks)	Value (Ks)
1	Officer's Table & Chair	set	2	300000	600,000
2	Table & Chair (Staff)	set	6	150000	900,000
3	Cabinet	unit	4	150000	600,000
4	Computer	set	5	450000	2,250,000
5	Printer	set	2	300000	600,000
6	Copier	unit	1	950000	950,000
7	Meeting Table & Chair	set	1	760000	760,000
8	Settee	set	1	760000	760,000
9	Shelf	unit	4	95000	380,000
10	Chair	unit	20	30000	600,000
11	Digital Weighting Machine	unit	1	300000	300,000
12	Finger Print Machine	set	1	350000	350,000
13	Regulator (15 KVA)	set	2	600000	1,200,000
14	Safe Box	unit	3	300000	900,000
15	Phone Line	set	1	1500000	1,500,000
	Total (Ks)				**12,650,000**

နောက်ဆက်တွဲ (၇)

Linn Shwe Sin Co., Ltd.

Energy

Sr. No.	Particulars	A/U	Year			
			1 to 2	3	4	5 to 30
	Consumption					
1	Diesel	gl	3000	4500	5000	6000
2	Petrol	gl	500	1500	2500	3000
3	Lubricant	gl	25	50	75	100
	Price (per unit)					
1	Diesel	Kyat	2400	2500	2600	2700
2	Petrol	Kyat	2400	2500	2600	2700
3	Lubricant	Kyat	15000	15000	15000	15500
	Value					
1	Diesel	Kyat	7,200,000	11,250,000	13,000,000	16,200,000
2	Petrol	Kyat	1,200,000	3,750,000	6,500,000	8,100,000
3	Lubricant	Kyat	375,000	750,000	1,125,000	1,550,000
	Total	Kyat	8,775,000	15,750,000	20,625,000	25,850,000

နောက်ဆက်တွဲ (၈)

Linn Shwe Sin Co., Ltd.

Electricity

Sr. No.	Particulars	A/U	Year			
			1 to 2	3	4	5 to 30
I	**Electricity (per month)**	**unit**	**10000**	**15000**	**18000**	**20000**
1	unit up to 500	unit	500	500	500	500
2	from 501 to 10000	unit	9500	9500	9500	9500
3	from 10001 to 40000	unit		5000	8000	10000
4	40001 to	unit				
II	**Price per unit**					
1	unit up to 500	Kyat	75	75	75	75
2	from 501 to 10000	Kyat	100	100	100	100
3	from 10001 to 50000	Kyat	125	125	125	125
4	40001 to	Kyat	200	200	200	200
III	**Cost per Month**					
1	unit up to 500	Kyat	37,500	37,500	37,500	37,500
2	from 501 to 10000	Kyat	950,000	950,000	950,000	950,000
3	from 10001 to 50000	Kyat	-	625,000	1,000,000	1,250,000
4	40001 to	Kyat	-	-	-	
	Total - per month	**Kyat**	**987,500**	**1,612,500**	**1,987,500**	**2,237,500**
	Total - per year	Kyat	**11,850,000**	**19,350,000**	**23,850,000**	**26,850,000**

လျှို့ဝှက်

နောက်ဆက်တွဲ -ဗ

Linn Shwe Sin Co., Ltd.

Raw Material Requirement and Production & Income Schedule

Sr.No.	Producducts	A/U	Qnt (Sud)			
			Year - 1 to 2	Year - 3	Year - 4	Year - 5 to 30
II	Production	Sud	**20,000**	**40,000**	**60,000**	**120,000**
1	250 - 400 mm	Sud	12000	24,000	36,000	72,000
2	20 - 50 mm	Sud	2,200	4,400	6,600	13,200
3	05 - 20 mm	Sud	4,600	9,200	13,800	27,600
4	0 - 05 mm	Sud	1,200	2,400	3,600	7,200
	Price per unit					
1	250 - 400 mm	Kyat	20,000	21,000	22,000	23,000
2	20 - 50 mm	Kyat	25,000	26,250	27,500	28,750
3	05 - 20 mm	Kyat	35,000	36,750	38,500	40,250
4	0 - 05 mm	Kyat	10,000	10,500	11,000	11,500
	Income					
1	250 - 400 mm	Kyat	240,000,000	504,000,000	792,000,000	1,656,000,000
2	20 - 50 mm	Kyat	55,000,000	115,500,000	181,500,000	379,500,000
3	05 - 20 mm	Kyat	161,000,000	338,100,000	531,300,000	1,110,500,000
4	0 - 05 mm	Kyat	12,000,000	25,200,000	39,600,000	82,800,000
	Total		468,000,000	982,800,000	1,544,400,000	3,229,200,000

လျှို့ဝှက်

လျို့ဝှက်

နောက်ဆက်တွဲ - ၁၀

Linn Shwe Sin Co., Ltd.

Profit & Loss Statement

Sr. No.	Particulars	Year 1	Year 2	Year 3	Year 4	Year 5
I	**Sale Income**	**468,000,000**	**468,000,000**	**982,800,000**	**1,544,400,000**	**3,229,200,000**
II	**Expenditure**	**725,242,500**	**725,242,500**	**818,959,500**	**892,918,500**	**1,114,935,500**
1	Salary	245,040,000	245,040,000	265,080,000	265,080,000	285,120,000
2	Energy	8,775,000	8,775,000	15,750,000	20,625,000	25,850,000
3	Electricity	11,850,000	11,850,000	19,350,000	23,850,000	26,850,000
4	Production Expense	7,020,000	7,020,000	14,742,000	23,166,000	48,438,000
5	Maintenance	1,775,000	1,775,000	1,775,000	1,775,000	1,775,000
6	Insurance	1,000,000	1,000,000	1,000,000	1,000,000	1,000,000
7	Forest Rehabilitation Expense	1,500,000	1,500,000	1,500,000	1,500,000	1,500,000
8	Land Lease ks 15000 per acre (150 acre)	2,250,000	2,250,000	2,250,000	2,250,000	2,250,000
9	Royalty ks.2500 per sud (Forest Department)	50,000,000	50,000,000	50,000,000	50,000,000	50,000,000
10	Commercial Tax(5%)	23,400,000	23,400,000	49,140,000	77,220,000	161,460,000
11	Depreciation	349,232,500	349,232,500	349,232,500	349,232,500	349,232,500
12	Transportation	21,060,000	21,060,000	44,226,000	69,498,000	145,314,000
13	Others	2,340,000	2,340,000	4,914,000	7,722,000	16,146,000
III	**Gross Profit**	**(257,242,500)**	**(257,242,500)**	**163,840,500**	**651,481,500**	**2,114,264,500**
IV	**Income Tax**					
V	**Net Profit**	**(257,242,500)**	**(257,242,500)**	**163,840,500**	**651,481,500**	**2,114,264,500**
VI	**C.S.R Fund 2%**			**3,276,810**	**13,029,630**	**42,285,290**

Remark; Exchange Rate US$ 1 = Ks.1200 C.S.R Fund = 2% on Net Profit Income Tax = 25% , Commercial Tax, Local = 5%

လျို့ဝှက်

လျှို့ဝှက်

နောက်ဆက်တွဲ - ၁၀/၁

Linn Shwe Sin Co., Ltd.

Profit & Loss Statement

Sr. No.	Particulars	Year				
		6	7	8	9 to 20	21 to 30
I	**Sale Income**	**3,229,200,000**	**3,229,200,000**	**3,229,200,000**	**3,229,200,000**	**3,229,200,000**
II	**Expenditure**	**1,114,935,500**	**1,114,935,500**	**1,114,935,500**	**1,114,935,500**	**765,703,000**
1	Salary	285,120,000	285,120,000	285,120,000	285,120,000	285,120,000
2	Direct Overhead Exp.	25,850,000	25,850,000	25,850,000	25,850,000	25,850,000
3	Electricity	26,850,000	26,850,000	26,850,000	26,850,000	26,850,000
4	Production Expense	48,438,000	48,438,000	48,438,000	48,438,000	48,438,000
5	Maintenance	1,775,000	1,775,000	1,775,000	1,775,000	1,775,000
6	Insurance	1,000,000	1,000,000	1,000,000	1,000,000	1,000,000
7	Forest Rehabilitation Expense	1,500,000	1,500,000	1,500,000	1,500,000	1,500,000
8	Land Lease ks 15000 per acre (240 acre)	2,250,000	2,250,000	2,250,000	2,250,000	2,250,000
9	Royalty ks.2500 per sud (Forest Department)	50,000,000	50,000,000	50,000,000	50,000,000	50,000,000
10	Commercial Tax(5%)	161,460,000	161,460,000	161,460,000	161,460,000	161,460,000
11	Depreciation	349,232,500	349,232,500	349,232,500	349,232,500	
12	Transportation	145,314,000	145,314,000	145,314,000	145,314,000	145,314,000
13	Others	16,146,000	16,146,000	16,146,000	16,146,000	16,146,000
III	**Gross Profit**	**2,114,264,500**	**2,114,264,500**	**2,114,264,500**	**2,114,264,500**	**2,463,497,000**
IV	**Income Tax**	**528,566,125**	**528,566,125**	**528,566,125**	**528,566,125**	**615,874,250**
V	**Net Profit**	**1,585,698,375**	**1,585,698,375**	**1,585,698,375**	**1,585,698,375**	**1,847,622,750**
VI	**C.S.R Fund 2%**	**31,713,968**	**31,713,968**	**31,713,968**	**31,713,968**	**36,952,455**

Remark; Exchange Rate US$ 1 = Ks.1200 C.S.R Fund = 2% on Net Profit Income Tax = 25% , Commercial Tax, Local = 5%

လျှို့ဝှက်

လျှို့ဝှက်

နောက်ဆက်တွဲ - ၁၁

Linn Shwe Sin Co., Ltd.

Local Staff List

Sr. No.	Position	No.of Staff			Salary / Month (Ks)			Salary / Year (Ks)		
		Y-1to 2	Y-3to 4	Y-5 to	Y - 1 to 2	Y - 3 to4	Y - 5 to 20	Y - 1 to 2	Y - 3 to4	Y - 5 to 20
1	General Manager	1	1	1	400000	450000	500000	4,800,000	5,400,000	6,000,000
2	Crushing Consultant	1	1	1	800000	900000	1000000	9,600,000	10,800,000	12,000,000
3	Manager	2	2	2	300000	350000	400000	7,200,000	8,400,000	9,600,000
4	Supervisor	1	1	1	200000	250000	300000	2,400,000	3,000,000	3,600,000
5	Office Staff	5	6	6	120000	130000	140000	7,200,000	7,800,000	8,400,000
6	Purchaser	1	2	2	120000	130000	140000	1,440,000	1,560,000	1,680,000
7	General Worker	2	3	4	110000	115000	120000	2,640,000	2,760,000	2,880,000
8	Chief Accountant	1	1	1	350000	360000	370000	4,200,000	4,320,000	4,440,000
9	Ass Chief Accountant	1	1	1	250000	275000	300000	3,000,000	3,300,000	3,600,000
10	Accountant	2	2	2	180000	190000	200000	4,320,000	4,560,000	4,800,000
11	Ass Manager	1	1	1	250000	260000	270000	3,000,000	3,120,000	3,240,000
12	Casher	1	2	2	250000	260000	270000	3,000,000	3,120,000	3,240,000
13	Project Coordinator	1	1	1	600000	650000	700000	7,200,000	7,800,000	8,400,000
14	Storekeeper	4	5	5	110000	115000	120000	5,280,000	5,520,000	5,760,000
15	Electrician	1	2	2	130000	140000	150000	1,560,000	1,680,000	1,800,000
16	Interpreter	1	1	1	250000	275000	300000	3,000,000	3,300,000	3,600,000
17	Engineer (Civil)	3	3	4	350000	400000	450000	12,600,000	14,400,000	16,200,000
18	Engineer (Mining)	2	2	4	400000	450000	500000	9,600,000	10,800,000	12,000,000
19	Geologist	2	2	3	180000	190000	200000	4,320,000	4,560,000	4,800,000
	Total - 1	**33**	**39**	**44**				**96,360,000**	**106,200,000**	**116,040,000**

လျှို့ဝှက်

နောက်ဆက်တွဲ - ၁၁/၁

Linn Shwe Sin Co., Ltd.
Local Staff List

Sr. No.	Position	No.of Staff			Salary / Month (Ks)			Salary / Year (Ks)		
		Y-1to 2	Y-3to 4	Y-5 to	Y - 1 to 2	Y - 3 to4	Y - 5 to 20	Y - 1 to 2	Y - 3 to4	Y - 5 to 20
22	Checker (Civil)	2	2	2	130000	140000	150000	3,120,000	3,360,000	3,600,000
23	Checker (Mining)	2	2	2	130000	140000	150000	3,120,000	3,360,000	3,600,000
24	T- Clerk	2	2	2	110000	120000	130000	2,640,000	2,880,000	3,120,000
25	Leader - Surveyor	2	2	2	150000	155000	160000	3,600,000	3,720,000	3,840,000
26	Ass Surveyor	2	2	2	120000	130000	140000	2,880,000	3,120,000	3,360,000
27	Leader (Specialist gunpowder)	1	1	1	230000	240000	250000	2,760,000	2,880,000	3,000,000
28	Ass Staff (gunpowder)	6	8	8	110000	115000	120000	7,920,000	8,280,000	8,640,000
29	Leader (Mechanism)	1	1	1	350000	360000	370000	4,200,000	4,320,000	4,440,000
30	Mechanism Supervisor	1	1	1	150000	160000	170000	1,800,000	1,920,000	2,040,000
31	Staff (Mechanism)	8	10	12	110000	120000	130000	10,560,000	11,520,000	12,480,000
32	Skill Operator	5	5	5	150000	160000	170000	9,000,000	9,600,000	10,200,000
33	Operator & Helper	10	10	12	110000	120000	130000	13,200,000	14,400,000	15,600,000
34	W loader	2	2	2	150000	160000	170000	3,600,000	3,840,000	4,080,000
35	Crusher Head	1	1	1	350000	360000	370000	4,200,000	4,320,000	4,440,000
36	Crusher G/S operator	1	1	1	350000	360000	370000	4,200,000	4,320,000	4,440,000
37	Crusher Operator	3	3	4	300000	310000	320000	10,800,000	11,160,000	11,520,000
38	Operator & Helper (Crusher)	8	10	12	110000	120000	130000	10,560,000	11,520,000	12,480,000
39	Driver	15	15	20	150000	160000	170000	27,000,000	28,800,000	30,600,000
40	Security	9	10	10	120000	130000	140000	12,960,000	14,040,000	15,120,000
41	General Worker	8	10	14	110000	120000	130000	10,560,000	11,520,000	12,480,000
	Total - 2	**89**	**98**	**114**				**148,680,000**	**158,880,000**	**169,080,000**
	Total (1+2)	**122**	**137**	**158**				**245,040,000**	**265,080,000**	**285,120,000**

နောက်ဆက်တွဲ - ၁၂

Linn Shwe Sin Co., Ltd.

Cash Flow Statement

Ks

Sr. No.	Particulars	Construction Period	Year (Operation Period)						
			1	2	3	4	5	6	7
I	**Cash in Flow**								
1	Net Profit				163,840,500	651,481,500	2,114,264,500	1,585,698,375	1,585,698,375
2	Depreciation		349,232,500	349,232,500	349,232,500	349,232,500	349,232,500	349,232,500	349,232,500
3	Loan								
	Sub total		**349,232,500**	**349,232,500**	**513,073,000**	**1,000,714,000**	**2,463,497,000**	**1,934,930,875**	**1,934,930,875**
II	**Cash out Flow**								
	Capital contribution	7,100,000,000							
	Net Loss		257,242,500	257,242,500					
	Loan repayment								
	Sub total	**7,100,000,000**	**257,242,500**	**257,242,500**					
III	**Net Cash Flow**	**(7,100,000,000)**	**349,232,500**	**91,990,000**	**513,073,000**	**1,000,714,000**	**2,463,497,000**	**1,934,930,875**	**1,934,930,875**
	Cammulative NCF	**(7,100,000,000)**	**(6,750,767,500)**	**(6,658,777,500)**	**(6,145,704,500)**	**(5,144,990,500)**	**(2,681,493,500)**	**(746,562,625)**	**1,188,368,250**

Recoupment Period = (6) Years and (5) Months

Linn Shwe Sin Co., Ltd.

Cash Flow Statement

Ks

Sr. No.	Particulars	Year (Operation Period)						
		8	9	10	11	12	13	14
I	**Cash in Flow**							
1	Net Profit	1,585,698,375	1,585,698,375	1,585,698,375	1,585,698,375	1,585,698,375	1,585,698,375	1,585,698,375
2	Depreciation	349,232,500	349,232,500	349,232,500	349,232,500	349,232,500	349,232,500	349,232,500
3	Loan							
	Sub total	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**
II	**Cash out Flow**							
	Capital contribution							
	Net Loss							
	Loan repayment							
	Sub total							
III	**Net Cash Flow**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**
	Cammulative NCF	**3,123,299,125**	**5,058,230,000**	**6,993,160,875**	**8,928,091,750**	**10,863,022,625**	**12,797,953,500**	**14,732,884,375**

လျှို့ဝှက်

နောက်ဆက်တွဲ - ၁၂/၂

Linn Shwe Sin Co., Ltd.

Cash Flow Statement

Sr. No.	Particulars	Year (Operation Period)							
		15	16	17	18	19	20	21	22
I	**Cash in Flow**								
1	Net Profit	1,585,698,375	1,585,698,375	1,585,698,375	1,585,698,375	1,585,698,375	1,585,698,375	1,847,622,750	1,847,622,750
2	Depreciation	349,232,500	349,232,500	349,232,500	349,232,500	349,232,500	349,232,500		
3	Loan								
	Sub total	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,847,622,750**	**1,847,622,750**
II	Cash out Flow								
1	Capital contribution								
2	Net Loss								
3	Loan repayment								
	Sub total								
III	**Net Cash Flow**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,934,930,875**	**1,847,622,750**	**1,847,622,750**
	Cammulative NCF	**16,667,815,250**	**18,602,746,125**	**20,537,677,000**	**22,472,607,875**	**24,407,538,750**	**26,342,469,625**	**28,190,092,375**	**30,037,715,125**

လျှို့ဝှက်

Linn Shwe Sin Co., Ltd.

Cash Flow Statement

Sr. No.	Particulars	Year (Operation Period)						
		23	24	25	26	27	28	29/30
I	**Cash in Flow**							
1	Net Profit	1,847,622,750	1,847,622,750	1,847,622,750	1,847,622,750	1,847,622,750	1,847,622,750	1,847,622,750
2	Depreciation							
3	Loan							
	Sub total	**1,847,622,750**	**1,847,622,750**	**1,847,622,750**	**1,847,622,750**	**1,847,622,750**	**1,847,622,750**	**1,847,622,750**
II	Cash out Flow							
1	Capital contribution							
2	Net Loss							
3	Loan repayment							
	Sub total							
III	**Net Cash Flow**	**1,847,622,750**	**1,847,622,750**	**1,847,622,750**	**1,847,622,750**	**1,847,622,750**	**1,847,622,750**	**1,847,622,750**
	Cammulative NCF	**31,885,337,875**	**33,732,960,625**	**35,580,583,375**	**37,428,206,125**	**39,275,828,875**	**41,123,451,625**	**42,971,074,375**

နောက်ဆက်တွဲ - ၁၃

Linn Shwe Sin Co., Ltd.

Internal Rate of Return (IRR)

Kyat in thousand

Year	Net Cash Flow	20%		10%	
		DF	DCF	DF	DCF
Construction Period	(7,100,000,000)	1.000	(7,100,000,000)	1.000	(7,100,000,000)
1	349,232,500	0.833	291,027,083	0.909	317,484,091
2	91,990,000	0.694	63,881,944	0.826	76,024,793
3	513,073,000	0.579	296,917,245	0.751	385,479,339
4	1,000,714,000	0.482	482,597,415	0.683	683,501,127
5	2,463,497,000	0.402	990,024,193	0.621	1,529,637,817
6	1,934,930,875	0.335	648,004,435	0.564	1,092,218,035
7	1,934,930,875	0.279	540,003,696	0.513	992,925,487
8	1,934,930,875	0.233	450,003,080	0.467	902,659,533
9	1,934,930,875	0.194	375,002,567	0.424	820,599,576
10	1,934,930,875	0.162	312,502,139	0.386	745,999,614
11	1,934,930,875	0.135	260,418,449	0.350	678,181,468
12	1,934,930,875	0.112	217,015,374	0.319	616,528,607
13	1,934,930,875	0.093	180,846,145	0.290	560,480,552
14	1,934,930,875	0.078	150,705,121	0.263	509,527,774
15	1,934,930,875	0.065	125,587,601	0.239	463,207,068
16	1,934,930,875	0.054	104,656,334	0.218	421,097,334
17	1,934,930,875	0.045	87,213,612	0.198	382,815,758
18	1,934,930,875	0.038	72,678,010	0.180	348,014,326
19	1,934,930,875	0.031	60,565,008	0.164	316,376,660
20	1,934,930,875	0.026	50,470,840	0.149	287,615,145
21	1,847,622,750	0.022	40,161,242	0.135	249,670,317
22	1,847,622,750	0.018	33,467,702	0.123	226,973,016
23	1,847,622,750	0.015	27,889,751	0.112	206,339,105
24	1,847,622,750	0.013	23,241,459	0.102	187,581,005
25	1,847,622,750	0.010	19,367,883	0.092	170,528,186
26	1,847,622,750	0.009	16,139,902	0.084	155,025,624
27	1,847,622,750	0.007	13,449,919	0.076	140,932,385
28	1,847,622,750	0.006	11,208,266	0.069	128,120,350
29	1,847,622,750	0.005	9,340,221	0.063	116,473,046
30	1,847,622,750	0.004	7,783,518	0.057	105,884,587
			(1,137,829,846)		**6,717,901,725**

IRR = 10 + 10 (6717901725/7855731571)

= 10 + 10 (0.855)

= 10 + 8.55

= 18.55%

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး

စာအမှတ်၊ [illegible]
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ [illegible] ရက်

သို့
အုပ်ချုပ်မှုဒါရိုက်တာ
လင်းရွှေစင်ကုမ္ပဏီလီမိတက်

အကြောင်းအရာ။ ကုမ္ပဏီအမည်ပြောင်းလဲခွင့်ပြုပါရန် တင်ပြလျှောက်ထားခြင်း

ရည်ညွှန်းချက်။ ပြည်ထောင်စုဝန်ကြီးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် [illegible] ရက်စွဲပါ စာအမှတ်၊ [illegible]

ထွန်းတောက်စစက်မှုကုမ္ပဏီလီမိတက်အား မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြီးဝိုင်း အကွက်အမှတ် [illegible] အတွင်းရှိ မြေဧရိယာ [illegible] ဧကတွင် လမ်းခင်းကျောက်တူးဖော်ထုတ်လုပ်ခွင့်ပြုထားပြီး သစ်တောဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ လမ်းခင်းကျောက်တူးဖော်ထုတ်လုပ်ခွင့်အတွက် **"ထွန်းတောက်စစက်မှု ကုမ္ပဏီ လီမိတက်"** အမည်အစား **"လင်းရွှေစင်ကုမ္ပဏီလီမိတက်"** အမည်ဖြင့် ဆက်လက်လုပ်ကိုင် ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် BOD အဖွဲ့မှ သဘောတူထားခြင်း၊ လင်းရွှေစင်ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်ရှိနေခြင်း၊ ၂၀၁၃ ခုနှစ် သက်တမ်းအတွက် လုပ်ငန်းအာမခံငွေနှင့် အခွန်ငွေ [illegible] ကျပ်တို့ ပေးသွင်းထားပြီးဖြစ်ခြင်းတို့ကြောင့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြီးဝိုင်း အတွင်းရှိ မြေဧရိယာ [illegible] ဧကတွင် လမ်းခင်းကျောက်တူးဖော်ထုတ်လုပ်ခွင့်အတွက် ယခင် **ထွန်းတောက်စစက်မှု ကုမ္ပဏီလီမိတက်မှ လင်းရွှေစင်ကုမ္ပဏီလီမိတက်သို့ အမည်ပြောင်းလဲခွင့်** ပြုကြောင်း ရည်ညွှန်းစာဖြင့် အကြောင်းကြားပေးပါသည်။

သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြီးဝိုင်းအတွင်းရှိ မြေ ဧရိယာ [illegible] ဧကတွင် လမ်းခင်းကျောက်တူးဖော်ထုတ်လုပ်ခွင့်အတွက် ယခင် **ထွန်းတောက်စစက်မှု ကုမ္ပဏီ လီမိတက် မှ လင်းရွှေစင်ကုမ္ပဏီလီမိတက် သို့ အမည်ပြောင်းလဲခွင့်ပြု**ကြောင်း အကြောင်း ကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူး (စီမံကိန်း))

မိတ္တူကို
ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း)၊ သစ်တောဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံးစာတွဲ၊ သစ်တောဦးစီးဌာန
မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန
မျှောစာတွဲ ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
နေပြည်တော်

စာအမှတ်၊ ၄၃၇၁ /ခဖရ/လခက(၁၀)/ ထတစ/၂၀၁၄
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်

သို့

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
သထုံခရိုင်၊ မွန်ပြည်နယ်

အကြောင်းအရာ။ လမ်းခင်းကျောက်ထုတ်လုပ်ခွင့် လိုင်စင်လျှောက်ထားရာတွင် သတ္တုတွင်းဝန်ကြီးဌာန၏ သဘောထားပေးပို့ခြင်း

ရည်ညွှန်းချက် ။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သထုံမြို့၏ ၂-၄-၂၀၁၄ ရက်စွဲပါ စာအမှတ် ၄/၁၂-၄/ဦး ၁(၃၀၄၂)

၁။ Tun Tauk Sa Industrial Co.,Ltd. မှ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကျုံကကျေးရွာအုပ်စု၊ ကုလားမတောင်သစ်တောကြိုးဝိုင်းအတွင်း မြေဧရိယာ (၁၀)ဧကစီရှိ လုပ်ကွက် (၁၅)ကွက်တွင် လမ်းခင်းကျောက်ထုတ်လုပ်ခွင့် လျှောက်ထားလာခြင်းအပေါ် သတ္တုတွင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ပြုပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာမှုနှင့် စပ်လျဉ်း၍ သတ္တုတွင်း ဝန်ကြီးဌာနမှ အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးရာတွင် အဆိုပါဒေသရှိ ဂရက်နိုက်ကျောက် (Granite) များသည် အရောင်အဆင်း ဖျော့တော့ခြင်း၊ ရွယ်ကြီးစေ့ ဖြစ်ခြင်းနှင့် အက်ကြောင်(Joint)များကို နီးကပ်စွာတွေ့ရှိရခြင်းတို့ကြောင့် မြန်မာ့ သတ္တုတွင်း ဥပဒေ ပုဒ်မ ၂ (စ) ပါ ကျောက် (အလှဆင်) ထုတ်လုပ်ရန် အဆင့်မမီသော ကျောက်များ ဖြစ်ကြောင်း စိစစ် တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ ရည်ညွှန်းစာပါ လမ်းခင်းကျောက်ထုတ်လုပ်ခွင့် လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အနာဂတ်စီမံကိန်းဧရိယာများနှင့်လွတ်ကင်းပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပါက သဘောထားမှတ်ချက် ဖော်ပြရန် မရှိကြောင်း အကြောင်းကြားပါသည်။

ဝင်းထိန်
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို-
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပေါင်မြို့
Tun Tauk Sa Industrial Co.,Ltd.
ရုံးလက်ခံ/မျှောစာတွဲ

Acer2-D:\ASY\Quarry Letter.doc

ညွှန်ကြားရေးမှူးရုံး
သစ်တောဦးစီးဌာန၊ မွန်ပြည်နယ်
စာအမှတ်၊ ၉၇၇၃ - ၇၅/ စ(၈)၄
ရက် စွဲ၊ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်

သို့

လက်ထောက်ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန
မော်လမြိုင်-သထုံခရိုင်

အကြောင်းအရာ။ **ကုမ္ပဏီအမည်ပြောင်းလဲခွင့်ပြုပါရန်ကိစ္စ**

ရည်ညွှန်းချက်။ (၁)ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မွန်ပြည်နယ်၏ ၁၉-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၇၇၂၈-၃၀/စ(၈)၄

(၂)ညွှန်ကြားရေးမှူးချုပ်ရုံး၊ သစ်တောဦးစီးဌာန၏ ၉-၂-၂၀၁၆ ရက်စွဲပါစာ အမှတ်၊ စီမံကိန်း/သတ္တု/(၃၂၇၅-၇၈/၂၀၁၆)

(၃)ညွှန်ကြားရေးမှူးချုပ်ရုံး၊ သစ်တောဦးစီးဌာန၏ ၉-၂-၂၀၁၆ ရက်စွဲပါစာ အမှတ်၊ စီမံကိန်း/သတ္တု/(၃၂၇၉-၈၂/၂၀၁၆)

၁။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၂၊၅၃)အတွင်းရှိ မြေဧရိယာ(၁၅၀)ဧကမှ ၁၀-၁၂-၂၀၁၅ မှ ၉-၁၂-၂၀၁၆ထိ လမ်းခင်းကျောက်(၅၅၀၀)ကျင်း ထုတ်လုပ်မည့် ဦးထွန်းလှ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ Tun Tauk Sa Industry Co;Ltd နှင့် ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူးတို့မှ စာချုပ်သက်တမ်းတိုးပြီးဖြစ်၍ သက်တမ်း တိုးပြီးသည့် စာချုပ်(၁)စောင်အား ရည်ညွှန်း(၁)ပါစာဖြင့် ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၂။ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၂၊၅၃)အတွင်းရှိ မြေဧရိယာ(၁၅၀)ဧက တွင် လမ်းခင်းကျောက်ထုတ်လုပ်ရန် ခွင့်ပြုထားသည့် Tun Tauk Sa Industry Co; Ltd အမည် အား လင်းရွှေစင်ကုမ္ပဏီလီမိတက် အမည်အဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုကြောင်း ရည်ညွှန်း(၂)(၃)ပါစာမိတ္တူများဖြင့် အကြောင်းကြားလာပါသဖြင့် ဦးထွန်းလှ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ လင်းရွှေစင်ကုမ္ပဏီလီမိတက် နှင့် ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ညွှန်ကြားရေးမှူးတို့မှ အမည် ပြောင်းလဲ စာချုပ်ပြင်ဆင်ချုပ်ဆိုပြီးဖြစ်၍ စာချုပ်(၁)စောင် ပူးတွဲပေးပို့ ပါသည်။

၃။ သို့ဖြစ်ပါ၍ လမ်းခင်းကျောက်(၅၅၀၀)ကျင်း ထုတ်လုပ်ခွင့်ရရှိသူမှ လိုက်နာရမည့် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး ကြီးကြပ်စစ်ဆေးဆောင်ရွက်ရန်နှင့် လစဉ်လုပ်ငန်းတိုးတက်မှုအား လင်းရွှေစင်ကုမ္ပဏီလီမိတက် အမည်ဖြင့် တင်ပြရန်နှင့် ရည်ညွှန်း(၁)စာ အရ ချုပ်ဆိုထားသည့် စာချုပ်အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်ကြောင်း အကြောင်းကြားပါသည်။

(ထွန်းအောင်ကျော်)
ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊မွန်ပြည်နယ်

SS

မြို့ နယ် လယ် ယာ မြေ စီ မံ ခန့် ခွဲ မှု အ ဖွဲ့
သ ထုံ ခ ရိုင် - ပေါင် မြို့ နယ်
စာအမှတ်၊ ၂၉၆ / ၁၉ / လယဖ / ၂၀၁၅ - ၂၀၁၆
ရက်စွဲ၊ ၂၀၁၆ - ခုနှစ် ဖေဖော်ဝါရီ လ (၄) ရက်

သို့

အတွင်းရေးမှူး
ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
သထုံခရိုင် - သထုံမြို့။

အကြောင်းအရာ။ ။လယ်ယာမြေဥပဒေပုဒ်မ (၃၀ - က)အရ [illegible] ၂၉၁ [illegible] မြေအဖြစ်သတ်မှတ်ပေးရေးလျှောက်ထားသောအမှုတွဲအား သဘောထားမှတ်ချက်ပြုပေးနိုင်ပါရန်တင်ပြအစီရင်ခံခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့် ပါတ်သက်၍ သထုံခရိုင် - ပေါင်မြို့နယ် [illegible] ရပ်ကွက်/ ကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ် (၉၁၄)၊ ကွင်း/အကွက်အမည် [illegible]၊ ဦးပိုင်အမှတ်(၉၁ [illegible])၊ မြေအမျိုးအစား - လယ် -၊ မြေဧရိယာ(၂၇.၉၆)၊ အနက်မှ (၉.၉၂) ဧကရှိမြေအား လယ်ယာမြေဥပဒေပုဒ်မ(၃၀ - က) အရ [illegible] ၂၉၁ [illegible] မြေအဖြစ်သတ်မှတ်ပေးနိုင်ရေး တင်ပြလျှောက်ထားသော အမှုတွဲအား လိုအပ်သလိုဆက်လက်ဆောင်ရွက် နိုင်ပါရန်အတွက် ပေးပို့တင်ပြအပ်ပါသည်။

(ဌေးဝင်း)
အတွင်းရေးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
ပေါင်မြို့

မိတ္တူကို -
- ဦး / ဒေါ် [illegible] ရပ်ကွက်/ ကျေးရွာ ။
- ရုံးလက်ခံ။

ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
သထုံခရိုင် - သထုံမြို့
စာအမှတ်၊ [illegible]၂ / ၁၈ / လယဖ / ၂၀၁၆
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်

သို့

အတွင်းရေးမှူး
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ်၊ မော်လမြိုင်မြို့

အကြောင်းအရာ။ **လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)၊ ၃၀(ခ)အရလယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်းအသုံးပြုနိုင်ရန်အတွက် လျှောက်ထားသည့်အမှုတွဲများပေးပို့ခြင်း။**

အထက်အကြောင်းအရာပါကိစ္စနှင့်ပါတ်သက်၍ သထုံခရိုင်၊ ပေါင်မြို့နယ်မှ လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)၊ ၃၀(ခ) အရလယ်ယာမြေကိုသတ်မှတ်သည့်နည်းလမ်းအတိုင်းအသုံးပြုနိုင်ရန်အတွက်မြေပုံရေးကူးခွင့်ရရှိထားပြီး အခြားနည်းအသုံးပြုခွင့်လျှောက်ထားလာ သည့်အမှုတွဲများအပေါ် သထုံခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏စိစစ်တွေ့ရှိချက်၊ အစည်း အဝေးဆုံးဖြတ်ချက်၊ ထောက်ခံချက်များဖြင့်အောက်ပါအမှုတွဲ(၂)တွဲအားကျမ်းစာနှင့်အတူပူးတွဲပေးပို့အပ်ပါသည်။

ပူးတွဲပေးပို့သောအမှုတွဲ -

၁။အမှုတွဲအမှတ် ၃၂ (လယဖ) ၂၀၁၅-၂၀၁၆(ပေါင်) ဦးထွန်းလှ
၂။အမှုတွဲအမှတ် ၃၃/(လယဖ)၂၀၁၅ ၂၀၁၆(ပေါင်) ဦးထွန်းလှ

အတွင်းရေးမှူး
ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
သထုံခရိုင်၊ သထုံမြို့

မိတ္တူကို
- ရုံးလက်ခံ

မိတ္တူကို

ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ သထုံမြို့နယ်

ဦးထွန်းလှ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ လင်းရွှေစင်ကုမ္ပဏီလီမိတက် ထံ သိသာရန်နှင့် စာချုပ်စည်းကမ်းချက်အတိုင်း လိုက်နာဆောင်ရွက်ရန် အကြောင်းကြားပါသည်

မျှောစာတွဲ

ရုံးလက်ခံ

သစ်တောမြေအတွင်း လမ်းခင်းကျောက် တူးဖော်ခွင့်စာချုပ်

စာချုပ်အမှတ် ၊ ၃/၂၀၁၅

(လမ်းခင်းကျောက်)

ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးထွန်းလှ၊ မှတ်ပုံတင်အမှတ်၊ ၉/မမန(နိုင်)၀၇၇၄၂၁ တို့မှ ဤစာချုပ်ကို ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်နေ့တွင် ကြိုးဝိုင်းတောအတွင်း လမ်းခင်းကျောက်ထုတ်လုပ်ခွင့်နှင့်စပ်လျဉ်း၍ ပူးတွဲပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကြပါသည်။

ကျောက်တူးဖော်မည့်

(က)	ပြည်နယ်/တိုင်း	မွန် ခရိုင် သထုံ မြို့နယ် ပေါင်
(ခ)	ကြိုးဝိုင်း	ကုလားမတောင် ကြိုးဝိုင်း အကွက်အမှတ် ၅၂၊၅၃
(ဂ)	ထုတ်လုပ်မည့်ပမာဏ(ဧက/ကျင်းပေါင်း)	(၁၅၀)ဧက၊ ကျောက်ကြီး(၆"×၉")(၃၃၀၀)ကျင်း၊ Chipping (၂၂၀၀)ကျင်း၊ ပေါင်း(၅၅၀၀)ကျင်း
(ဃ)	ကာလ	(၁၀-၁၂-၂၀၁၅) မှ (၉-၁၂-၂၀၁၆)ထိ
(င)	အဖွဲ့အစည်း/ပုဂ္ဂလိက အမည်-	**ဦးထွန်းလှ (လင်းရွှေစင်ကုမ္ပဏီလီမိတက်)**

(လုပ်ကိုင်ခွင့်ရသူ)		**(ခွင့်ပြုသူ)** ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)	
လက်မှတ်	(လက်မှတ်)	လက်မှတ်	(လက်မှတ်)
အမည်	ဦးထွန်းလှ	အမည်	ဦးထွန်းအောင်ကျော်
မှတ်ပုံတင်အမှတ်	၉/မမန(နိုင်)၀၇၇၄၂၁	ရာထူး	ညွှန်ကြားရေးမှူး
အလုပ်အကိုင်	ဒါရိုက်တာ လင်းရွှေစင်ကုမ္ပဏီလီမိတက်	ဌာန	သစ်တောဦးစီးဌာန၊မွန်ပြည်နယ်
နေရပ်	အမ်ဒဗလျူအီးအေတာဝါ၊ရွှေတိဂုံဘုရားလမ်း ရောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး		

(အသိသက်သေ)		**(အသိသက်သေ)**	
လက်မှတ်	(လက်မှတ်)	လက်မှတ်	(လက်မှတ်)
အမည်	ဦးဖော်မင်းထွေး	အမည်	ဦးမောင်မောင်ချို
မှတ်ပုံတင်အမှတ်	၉/မမန(နိုင်)၀၈၀၅၉၂	ရာထူး	လက်ထောက်ညွှန်ကြားရေးမှူး
အလုပ်အကိုင်	ကုန်သည်	ဌာန	သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊မွန်ပြည်နယ်

ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
သထုံခရိုင် - သထုံမြို့
စာအမှတ်၊ [illegible]၂ / ၁၈ / လယဖ / ၂၀၁၆
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်

သို့

အတွင်းရေးမှူး
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ်၊ မော်လမြိုင်မြို့

အကြောင်းအရာ။ **လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)၊ ၃၀(ခ)အရလယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်းအသုံးပြုနိုင်ရန်အတွက် လျှောက်ထားသည့်အမှုတွဲများပေးပို့ခြင်း။**

အထက်အကြောင်းအရာပါကိစ္စနှင့်ပါတ်သက်၍ သထုံခရိုင်၊ ပေါင်မြို့နယ်မှ လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)၊ ၃၀(ခ) အရလယ်ယာမြေကိုသတ်မှတ်သည့်နည်းလမ်းအတိုင်းအသုံးပြုနိုင်ရန်အတွက်မြေပုံရေးကူးခွင့်ရရှိထားပြီး အခြားနည်းအသုံးပြုခွင့်လျှောက်ထားလာ သည့်အမှုတွဲများအပေါ် သထုံခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏စိစစ်တွေ့ရှိချက်၊ အစည်း အဝေးဆုံးဖြတ်ချက်၊ ထောက်ခံချက်များဖြင့်အောက်ပါအမှုတွဲ(၂)တွဲအားကျမ်းစာနှင့်အတူပူးတွဲပေးပို့အပ်ပါသည်။

ပူးတွဲပေးပို့သောအမှုတွဲ -

၁။အမှုတွဲအမှတ်	၃၂ (လယဖ)၂၀၁၅-၂၀၁၆(ပေါင်)	ဦးထွန်းလှ
၂။အမှုတွဲအမှတ်	၃၃/(လယဖ)၂၀၁၅ ၂၀၁၆(ပေါင်)	ဦးထွန်းလှ

အတွင်းရေးမှူး
ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
သထုံခရိုင်၊ သထုံမြို့

မိတ္တူကို
- ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

သစ်တောဦးစီးဌာန

နှင့်

လင်းရွှေစင် ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုမည့် "မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၂၊ ၅၃)ရှိ မြေဧရိယာ(၁၅၀)ဧကကို ငှားရမ်း၍ လမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာစာချုပ်"

(မူကြမ်း)

၂၀၁၆ ခုနှစ်၊ လ၊ ( ) ရက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် ၃(၂)/၁၆(ခ)(၁)/(၁၀၃၇ /၂၀၁၆)
ရက်စွဲ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက်။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၉ - ၃ - ၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက - ၅ (အ)/မ - ၀၀၈ / ၂၀၁၆ (၁၄၂)
(၂) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၁၄ - ၃ - ၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂(၅) ၁၄ - ၄၆ / နပတ (၃၃၆)

၁။ လင်းရွှေစင် ကုမ္ပဏီလီမိတက်မှ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း ၊ အကွက်အမှတ် (၅၂ ၊ ၅၃) အတွင်း လမ်းခင်းကျောက် ထုတ်လုပ်ရန် ခွင့်ပြုချက် ရရှိထားသော မြေဧရိယာ (၁၅၀) ကေအား အနှစ် (၃၀) နှစ်ရှည်ငှားရမ်းပြီး လမ်းခင်းကျောက်ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့် အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလျှောက်ထားခြင်းကိစ္စနှင့်ပတ်သက်၍ သစ်တောဦးစီးဌာန နှင့် ကုမ္ပဏီတို့ချုပ်ဆိုမည့် နှစ်ရှည်မြေငှားရမ်းခြင်း စာချုပ် (မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် နှင့် အတူ ပြန်လည်တင်ပြရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်း(၁)ဖြင့် အကြောင်းကြားထားမှုအပေါ် ပြန်လည်တင်ပြခြင်းဖြစ်ပါသည်။

၂။ လင်းရွှေစင် ကုမ္ပဏီလီမိတက် (ထွန်းတောက်စ စက်မှုကုမ္ပဏီလီမိတက်မှ အမည်ပြောင်း) မှ လမ်းခင်းကျောက် ထုတ်လုပ်ခွင့်ပြုပါရန် အဆိုပြု လျှောက်ထားခဲ့သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၏ (၁၃ - ၃ - ၂၀၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲမှုကော်မတီ၏ (၈ / ၂၀၁၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း ၊ အကွက်အမှတ် (၅၂ ၊ ၅၃) ၊ မြေဧရိယာ (၁၅၀) ကေ၌ လမ်းခင်းကျောက် ထုတ်လုပ်ခြင်းအား သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ နှစ်စဉ်စာချုပ်ချုပ်ဆိုခဲ့ရာ စာချုပ်သက်တမ်းမှာ (၉-၁၂-၂၀၁၆) ရက်နေ့ အထိရှိပြီး ကုမ္ပဏီမှ လမ်းခင်းကျောက် ထုတ်လုပ်ခြင်းအား ဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆိုပါ ကုမ္ပဏီလီမိတက်မှ ခွင့်ပြုချက်ရရှိထားသော မြေဧရိယာ (၁၅၀) ဧကကို နှစ်(၃၀) နှစ်ရှည်ငှားရမ်းပြီး လမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့် အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလျှောက်ထားခြင်းအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောတူစာချုပ် (မူကြမ်း) အပေါ် ဥပဒေ ရှုထောင့်မှ လေ့လာစိစစ်ပြီး ရည်ညွှန်းစာ (၂) ဖြင့် အကြံပြုပြန်ကြားလာပါသဖြင့် လိုအပ်ချက်များကို ပြန်လည်ပြင်ဆင်ခြင်း ၊ ဖြည့်စွက်ခြင်း နှင့် ပယ်ဖျက်ခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လင်းရွှေစင် ကုမ္ပဏီလီမိတက်မှ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း ၊ အကွက်အမှတ် (၅၂ ၊ ၅၃) ၊ မြေဧရိယာ (၁၅၀) ဧကကို အနှစ် (၃၀) မြေငှားရမ်းပြီး မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ လမ်းခင်းကျောက် ထုတ်လုပ်ခြင်း လုပ်ငန်းအား နှစ်ရှည်စာချုပ် (မူကြမ်း) အား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် နှင့် အညီ ပြင်ဆင်ပြီး ပြန်လည်ပေးပို့အပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ခင်မောင်ရီ ၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

D:\DHOM\March\TBH (Linn Shwe Sin Co., Ltd.).doc2

ကျရောက်နေပါသဖြင့် စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုနိုင်ခြင်းရှိ မရှိ ဌာနမှ ပြန်လည်စိစစ်သင့်ပါသည်၊

(ခ) စာချုပ်(မူကြမ်း) အပိုဒ် ၄(ခ)၌ "အငှားချထားခြင်းခံရသူသည် မြေငှားရမ်းခများကို အငှားချထားသူထံသို့ ပထမနှစ်အတွက် သတ်မှတ်ထားသောအခွန်ငွေကိုစာချုပ်မချုပ်ဆိုမီကြိုတင်ပေးသွင်းရမည်"ဟု ဖော်ပြထားပါသည်။ သတ်မှတ်ထားသည့် အခွန်ငွေဆိုသည့်စကားရပ်မှာ မြေငှားရမ်းခကိုဆိုလိုသည်ဟု ယူဆပါသောကြောင့် ဌာနမှပြန်လည်စိစစ်ပြီး ရှင်းလင်းစွာဖော်ပြရန်ဖြစ်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၄(ဂ)တွင် "--------- စာချုပ်သက်တမ်းကာလမှာ ၂၀၁၆ ခုနှစ်၊ မတ်လ (-----) ရက်မှ ၂၀၄၅ ခုနှစ်၊ မတ်လ (-----) ရက်အထိ နှစ်(၃၀)ဖြစ်ပါသည်" ဟုလည်းကောင်း၊ အပိုဒ် ၉ စာချုပ်သက်တမ်းကာလတွင် "ငှားရမ်းလုပ်ကိုင်ခွင့်ပြုသည့် ကာလနှစ်(၃၀)ကို ------ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးသော (   ) ရက်နေ့မှ (   ) ရက်နေ့အထိ ဖြစ်ပါသည်" ဟုလည်းကောင်း ဖော်ပြထားရာ စာချုပ်(မူကြမ်း)ပါ ခေါင်းစဉ်များနှင့် စည်းကမ်းချက်ဖော်ပြမှုတို့မှာ ကိုက်ညီမှုမရှိပါသဖြင့် ဌာနမှ ပြန်လည်စိစစ်သင့်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း)အပိုဒ် ၅ လုပ်ငန်းဘောင်နှင့် လုပ်ဆောင်မှုဖြစ်စဉ်၊ အပိုဒ်ခွဲ (က)၌ မြေဧက(၁၅၀)အား (မြေပုံနောက်ဆက်တွဲ က) ဟု ရည်ညွှန်းထားပါသည်။ သို့သော် စာချုပ်(မူကြမ်း)၌ လုပ်ကွက်ပြမြေပုံ(၂)ခုပူးတွဲပါရှိသော်လည်း နောက်ဆက်တွဲ(က)ဟု ရည်ညွှန်းသည့်အမှတ်စဉ်ပါရှိလာခြင်းမရှိသဖြင့် ဌာနမှပြန်လည်စိစစ်ရန်နှင့် စာချုပ်ချုပ်ဆိုချိန်၌ နောက်ဆက်တွဲများပြည့်စုံစွာဖော်ပြရန်လိုအပ်ပါသည်၊

(င) စာချုပ်(မူကြမ်း) အပိုဒ် ၅ လုပ်ငန်းဘောင်နှင့် လုပ်ဆောင်မှုဖြစ်စဉ်၊ အပိုဒ်ခွဲ (က)၌ "-------- တစ်နှစ်လျှင် တစ်ကြေအတွက် မြေငှားရမ်းခ-------- ပေးသွင်းမည်ဖြစ်ပါသည်" ဟု ဖော်ပြထားရာ အဆိုပါစာပိုဒ်မှာ ငွေပေးသွင်းမှုနှင့်သက်ဆိုင်သောကြောင့် အပိုဒ် ၄ ခေါင်းစဉ်အောက်သို့ ပြောင်းရွှေ့ဖော်ပြသင့်ပါသည်၊

(စ) စာချုပ်(မူကြမ်း) အပိုဒ် ၉ စာချုပ်သက်တမ်းကာလ၌ "ငှားရမ်းလုပ်ကိုင်ခွင့်ပြုသည့်ကာလ(၃၀)နှစ်ကို--------နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးသော(   ) ရက်နေ့မှ (   )ရက်နေ့အထိဖြစ်ပါသည်။" ဟု ငှားရမ်းကာလကိုသာ ဖော်ပြထားပြီး စာချုပ်သက်တမ်းအားဖော်ပြထားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ခေါင်းစဉ်နှင့် ဖော်ပြချက်ကိုက်ညီမှုမရှိ၍ ပြန်လည်စိစစ်ရန်နှင့် ငှားရမ်းကာလအား သီးခြားခေါင်းစဉ်ဖြင့်ဖော်ပြရန် လိုအပ်ပါသည်။ ထို့အပြင် စာချုပ်သက်တမ်းနှင့် ငှားရမ်းကာလတို့ ကိုက်ညီရန်လိုအပ်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း) အပိုဒ် ၁၀ စာချုပ်သက်တမ်းကုန်ဆုံးခြင်း၌ "ဤစာချုပ်သက်တမ်းသည် -------- (သို့) စာချုပ်ပါလုပ်ငန်းများကို "အငှားချထားခြင်းခံရသူ" နှင့် "အငှားချထားသူ" တို့ အပြည့်အဝပြီးဆုံးအောင် ဆောင်ရွက်ပြီးသည့်နေ့တွင်ကုန်ဆုံးသည်ဟုမှတ်ယူရမည်။" ဟု ဖော်ပြထားပါသည်။ စာချုပ်သက်တမ်းကုန်ဆုံးသော်လည်း သို့မဟုတ် ငှားရမ်းကာလပြည့်မြောက်သော်လည်း စာချုပ်ပါလုပ်ငန်းများကို အပြည့်အဝပြီးဆုံးအောင် ဆောင်ရွက်ပြီးစီးခြင်းမရှိပါက စာချုပ်သက်တမ်း သို့မဟုတ် ငှားရမ်းကာလ မကုန်ဆုံးသေးသည့်သဘောသက်ရောက်နေပါသည်။ ထို့အပြင် စာချုပ် (မူကြမ်း) အပိုဒ် ၉ တွင်စာချုပ်သက်တမ်းကာလကိုနှစ်(၃၀)ဟုဖော်ပြထားရာစည်းကမ်းချက်ချင်းကိုက်ညီခြင်းမရှိဟု သုံးသပ်ရရှိပါသည်။ သို့ပါ၍ "စာချုပ်ပါလုပ်ငန်း များကို

-------အပြည့်အဝပြီးဆုံးအောင် ဆောင်ရွက်ပြီးစီး သည့်နေ့တွင် ကုန်ဆုံးသည် ဟုမှတ်ယူရမည်။"ဆိုသောစာသားအားပယ်ဖျက်ရန်လိုအပ်ပါသည်။ ဌာနမှ ပြန်လည်စိစစ်သင့်ပါသည်၊

(ဓ) စာချုပ်(မူကြမ်း) အပိုဒ် ၁၂ စာချုပ်သက်တမ်းတိုးမြှင့်ခြင်း၌ "နောက်ထပ် တစ်ကြိမ်(၅)နှစ်ဖြင့် (၂)ကြိမ်အထိ ဆက်တိုက်သက်တမ်းတိုးမြှင့်ခွင့်ရှိပါ သည်" ဟုလည်းကောင်း၊ အပိုဒ် ၂၁ အပိုဒ်ခွဲ (က)၌ "------- နှစ်ဦးနှစ်ဖက် သဘောတူညီပြီး နောက်ထပ်တစ်ကြိမ်လျှင် (၅)နှစ်နှင့် ဆက်တိုက်(၂)ကြိမ် သက်တမ်းတိုးကာလကုန်ဆုံးသည့်အခါ -------" ဟုလည်းကောင်း ဖော်ပြ ထားသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၅ တွင် "ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ တစ် ဆက်တည်းသက်တမ်းတိုးခွင့် ၁၀နှစ်(၂)ကြိမ်တိုးမြှင့်ပေးနိုင်ကြောင်း" ဖော်ပြထားရာ သက်တမ်းတိုးမြှင့်ခြင်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါသည်၊

(န) စာချုပ်(မူကြမ်း) အပိုဒ် ၁၇၊ အပိုဒ်ခွဲ(က)တွင် "------- လမ်းခင်းကျောက်နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးကျောက်တူးဖော်ထုတ်လုပ်ခြင်းအတွက် ------ ဟုလည်းကောင်း၊ အပိုဒ် ၁၄ တွင် "------ ခွဲကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း များ -------" ဟုလည်းကောင်း ဖော်ပြထားပါသည်။ စာချုပ်(မူကြမ်း) မျက်နှာဖုံး၊ ရည်ရွယ်ချက်နှင့် စာချုပ်(မူကြမ်း)ပါ စည်းကမ်းချက်တို့တွင် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းဟုသာ ဖော်ပြထားသဖြင့် လုပ်ငန်း လုပ်ကိုင်ထုတ်လုပ်မည့်ပစ္စည်း ဖော်ပြချက်မှန်ကန်ကိုက်ညီမှုရှိစေရေးအတွက် ဌာနမှ တာဝန်ယူစိစစ်ရန်ဖြစ်ပါသည်၊

(ည) အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းကို "မြန်မာနိုင်ငံအနုညာတ စီရင်ဆုံးဖြတ်ခြင်းအက် ဥပဒေအမှတ်- ၄/ ၁၉၄၄" ဟုဖော်ပြထားရာ ယင်းဥပဒေအား ၅-၁-၂၀၁၆ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သော "ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၅" အနုညာတစီရင် ဆုံးဖြတ်ခြင်းဥပဒေဖြင့် ရုပ်သိမ်းပြီးဖြစ်၍ အသစ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းကို ဆောင်ရွက်ရန်ဖြစ်ပါသဖြင့် Slip ကပ်ပေးလိုက်ပါသည်၊

(ဋ) စာချုပ်(မူကြမ်း) ၌ "အငှားချထားခြင်းခံရသူသည် အငှားချထားသူ၏ ကြိုတင်သဘောတူညီချက်မရရှိဘဲ မိမိ၏အခွင့်အရေးများ၊ လုပ်ပိုင်ခွင့်များ၊ စာချုပ်ပါ လုပ်ငန်းတို့ကို အခြားပုဂ္ဂိုလ်အဖွဲ့အစည်းများအား လွှဲပြောင်းပေးခြင်းမပြုရ၊" ဆိုသောအချက်အား ထည့်သွင်းဖော်ပြရန်သင့်မသင့် ဌာနအနေဖြင့် စဉ်းစား သင့်ပါသည်၊

(ဌ) စာချုပ်(မူကြမ်း)၏ ရည်ရွယ်ချက်၌ အငှားချထားမည့်မြေဧရိယာနှင့်စပ်လျဉ်း၍ ဖော်ပြထားသော်လည်း စာချုပ်၏စည်းကမ်းချက်အဖြစ် ငှားရမ်းမည့်မြေ၏ တည်နေရာဒေသ၊ လိပ်စာအပြည့်အစုံ၊ ဧရိယာအကျယ်အဝန်းတို့ကို သီးခြားခေါင်းစဉ်ဖြင့်ဖော်ပြရန် လိုအပ်ပါသည်၊

၃။ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရ အစိုးရတံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မရရှိသေးလျှင် ကျသင့်သောတံဆိပ်ခေါင်းခွန်ကို အငှားချထားခြင်းခံရသူမှ ထမ်းဆောင်ရမည် ဖြစ်ပါသည်။

၄။ ဤစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်း အရသာ ဥပဒေအကြံဉာဏ်ပေးခြင်း ဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်

များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။ ဤစာချုပ်ကို ချုပ်ဆိုနိုင်ရန်အတွက် သစ်တောဦးစီးဌာနအနေဖြင့် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပိုင်ခွင့်ရှိရန်လိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

၅။ လင်းရွှေစင်ကုမ္ပဏီလီမိတက်သည် ဥပဒေအရတရားဝင်ဖွဲ့စည်းထား သည့်ကုမ္ပဏီ ဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်ခွင့်နှင့်လုပ်ကိုင်နိုင်စွမ်းရှိ မရှိ၊ ငွေကြေး အင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်း ခံရသူ ဟုတ် မဟုတ် စသည်တို့ကို ကြိုတင်စိစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။

၆။ စာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ဤရုံးသို့ စာချုပ်မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၇။ ဤ အကြံပြုချက်ကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

၁၄-၃-၂၀၁၆

ညွှန်ကြားရေးမှူးချုပ်(တာဝန်)(ကိုယ်စား)
(ဒေါက်တာသီသီမြင့်၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

မိတ္တူ - ရုံးလက်ခံ/ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်

စာအမှတ် ၊ ၂(၅) ၁၄ - ၄၆ /နပတ(၃၃၆)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်

အကြောင်းအရာ။ သစ်တောဦးစီးဌာနနှင့် လင်းရွှေစင်ကုမ္ပဏီလီမိတက်တို့ အကြား ချုပ်ဆိုမည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၅၂၊ ၅၃)ရှိ မြေဧရိယာ(၁၅၀)ဧကအား ငှားရမ်း၍ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းဆိုင်ရာစာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ

ရည် ညွှန်း ချက် ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီး ဌာန၏ ၁၁-၃-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ စီမံကိန်း/ သတ္တု / (၅၃၆၇.၆၉ / ၂၀၁၆)

၁။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၅၂၊ ၅၃)ရှိ မြေဧရိယာ(၁၅၀)ဧကအား ငှားရမ်း၍ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ကိုင်ရန် အတွက် သစ်တောဦးစီးဌာနနှင့် လင်းရွှေစင်ကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုမည့် လမ်းခင်း ကျောက်ထုတ်လုပ်ခြင်းဆိုင်ရာ စာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်း ချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့လာသော စာချုပ်(မူကြမ်း)အား ဥပဒေရှုထောင့်မှ လေ့လာ စိစစ်ပြီး အောက်ပါအတိုင်း အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) ပါ မြေဧရိယာသည် ကုလားမတောင်ကြိုးဝိုင်းအတွင်း

သစ်တောဦးစီးဌာန

နှင့်

လင်းရွှေစင် ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုမည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊
ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၂၊ ၅၃)ရှိ မြေဧရိယာ(၁၅၀)ဧကကို ငှားရမ်း၍
လမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာစာချုပ်

သစ်တောဦးစီးဌာန

နှင့်

လင်းရွှေစင် ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုမည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၂၊ ၅၃)ရှိ မြေဧရိယာ(၁၅၀)ဧကကို ငှားရမ်း၍ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာစာချုပ်

(မူကြမ်း)

ဤစာချုပ်ကို နေပြည်တော်တွင် ၂၀၁၆ ခုနှစ်၊ လ( )ရက်နေ့၌ ဒေါက်တာညီညီကျော်၊ ညွှန်ကြားရေးမှူးချုပ် ကိုယ်စားပြုသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန (နောင်တွင် "အငှားချထားသူ"ဟု ခေါ်ဆိုရမည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်ဟု မှတ်ယူရမည်)က တစ်ဖက်နှင့် ဦးထွန်းလှ၊ အုပ်ချုပ်မှုဒါရိုက်တာ (နိုင်ငံသားစိစစ်ရေးအမှတ်-၉/ မမန(နိုင်) ၀၇၇၄၂၁)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၂၈၈/၂၉၀)၊ အခန်း(၉၀၄) ကိုယ်စားပြုသော လင်းရွှေစင်ကုမ္ပဏီလီမိတက် (နောင်တွင် "အငှားချထားခြင်းခံရသူ"ဟု ခေါ်ဆိုရမည်ဖြစ်ပြီး ယင်းစကားရပ်တွင် ၎င်း၏ တရားဝင်ကိုယ်စားလှယ်များ ဆက်ခံသူများနှင့် ဥပဒေအရ လွှဲအပ်ခံရသူများ ပါဝင်သည်ဟု မှတ်ယူရမည်)တို့က အခြားတစ်ဖက်တို့သည် အောက်ဖော်ပြပါ သဘောတူညီချက်များနှင့်အညီ ဤစာချုပ်ကို ချုပ်ဆိုကြပါသည်။

၁။ ရည်ရွယ်ချက်

ဤစာချုပ်ကို ချုပ်ဆိုသည့်ရည်ရွယ်ချက်မှာ "အငှားချထားခြင်းခံရသူ"သည် "အငှားချထားသူ" ပိုင်ဆိုင်သော မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၂၊ ၅၃)ရှိ မြေဧရိယာ(၁၅၀)ဧကတွင် လမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ဆောင်ရန် ရည်ရွယ်ပါသည်။

၂။ အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း

"အငှားချထားသူ"က အဆိုပါ ကုလားမတောင်ကြိုးဝိုင်းနှင့် ပတ်သက်၍ စာချုပ်ပါ ရည်ရွယ်ချက်အတိုင်း တရားဝင်ဆောင်ရွက်ခွင့်ရှိကြောင်း၊ "အငှားချထားသူ" နှင့် "အငှားချထားခြင်းခံရသူ"တို့သည် သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ၊ ဖွဲ့စည်းထား၍ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော တရားဝင်ရပ်တည်ခွင့်ရှိသူများဖြစ်ပြီး၊ ဤသဘောတူစာချုပ်ပါ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသော ပုဂ္ဂိုလ်များဖြစ်ကြောင်းနှင့် ဤစာချုပ်ကို ချုပ်ဆိုရန် အခွင့်အာဏာရှိသူများ၊ ငွေကြေးအင်အား တောင့်တင်းသူများဖြစ်ကြောင်း အသီးသီး ကိုယ်စားပြု အာမခံကြပါသည်။

၃။ အငှားချထားခြင်းခံရသူ၏ ကနဦးရင်းနှီးမြှုပ်နှံမှု

(က)"အငှားချထားခြင်းခံရသူ" မှ လမ်းခင်းကျောက် ထုတ်လုပ်ရန်အတွက် ကနဦး ရင်းနှီး မြှုပ်နှံမှုအဖြစ် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(၁) "အငှားချထားခြင်းခံရသူ" မှ လမ်းခင်းကျောက် တူးဖော်ထုတ်လုပ်ရန်အတွက် စက်ပစ္စည်းများ ဝယ်ယူမှုနှင့် လုပ်ငန်းလည်ပတ်ငွေများအပါအဝင် မြန်မာကျပ်ငွေ သန်းပေါင်း ၇,၁၀၀ (ကျပ်သန်း ခုနစ်ထောင့်တစ်ရာ)ကို ရင်းနှီးမြှုပ်နှံ ဆောင်ရွက် သွားမည်ဖြစ်သည်။

၄။ ခွင့်ပြုမြေဧရိယာ(၁၅၀)ဧကတွင် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းအတွက် ငွေပေးသွင်းမှုနှင့် ယင်း၏စည်းကမ်းသတ်မှတ်ချက်များ

(က) အငှားချထားသူ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကုလားမတောင်ကြိုးဝိုင်း၊ အကွက် အမှတ် (၅၂၊ ၅၃) အတွင်းရှိ မြေဧက(၁၅၀) (မြေပုံနောက်ဆက်တွဲ-က)ကို "အငှားချထားခြင်း ခံရသူ" မှ "အငှားချထားသူ"သို့ တစ်နှစ်လျှင် တစ်ဧကအတွက် မြေငှားရမ်းခ မြန်မာ ကျပ်ငွေ (၁၅၀၀၀ဝိ/-) နှုန်းဖြင့် ဧက(၁၅၀)အတွက် ၂၂၅၀၀၀ဝိ/-(ငွေကျပ် နှစ်ဆယ့် နှစ်သိန်း ငါးသောင်း တိတိ)ကို ပေးသွင်းမည်ဖြစ်ပါသည်။

(ခ) တစ်ဧကမြေငှားရမ်းခနှုန်းကို ပုံသေသတ်မှတ်ထားခြင်းမပြုလုပ်ဘဲ တစ်နှစ်လျှင် တစ်ကြိမ် မြေငှားရမ်းခနှုန်းကို နိုင်ငံတော်မှ သတ်မှတ်သည့်အတိုင်း ပေးသွင်းရမည်။

(ဂ) "အငှားချထားခြင်းခံရသူ"သည် "အငှားချထားသူ"ထံသို့ ပထမနှစ်အတွက် သတ်မှတ် ထားသော မြေငှားရမ်းခကို စာချုပ်မချုပ်ဆိုမီ ကြိုတင်ပေးသွင်းရမည်၊ နောက်နှစ် များတွင်လည်း နှစ်စဉ်ငှားရမ်းနှစ် မစတင်မီ ရက်ပေါင်း(၃၀)အတွင်း ကြိုတင်ပေးသွင်း ရမည်။ သတ်မှတ်ကာလထက် နောက်ကျပြီးပေးသွင်းပါက နောက်ကျသည့် ရက်များ အတွက် တစ်ရက်လျှင် ဒဏ်ကြေးငွေကျပ်(၅၀၀၀)နှုန်း ပေးဆောင်ရပါမည်။

(ဃ) ငှားရမ်းသည့်စာချုပ်ကို လုပ်ငန်းစတင်မည့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စာချုပ်ချုပ်ဆို သွားမည်ဖြစ်ပြီး စာချုပ်သက်တမ်းကာလမှာ ၂၀၁၆ ခုနှစ်၊ လ၊ ( )ရက်မှ ၂၀၄၅ ခုနှစ်၊ လ၊ ( )ရက်အထိ နှစ်(၃၀) ဖြစ်ပါသည်။

၅။ အငှားချထားသူ၏ တာဝန်ဝတ္တရားများ

အငှားချထားသူသည်-

(က) သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများထံမှ လိုအပ်သောခွင့်ပြုချက်များရယူရမည်၊

(ခ) "အငှားချထားခြင်းခံရသူ"က လိုအပ်သောခွင့်ပြုချက်များ မှတ်ပုံတင်များ၊ လိုင်စင် များ၊ အခြားလိုအပ်သော အချက်အလက်များကို သက်ဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အဖွဲ့အစည်းများထံမှ ရယူရာတွင် ကူညီဆောင်ရွက်ပေးရမည်၊

(ဂ) "အငှားချထားခြင်းခံရသူ"က ငှားရမ်းသည့်ကာလအတွင်း လုပ်ပိုင်ခွင့်ရရှိထားသော မြေဧက(၁၅၀)ကို စည်းကမ်းချက်များနှင့်အညီ လက်ဝယ်ထား၍ ဆောင်ရွက်ခွင့်ရှိစေရန်အတွက် "အငှားချထားသူ"က သော်လည်းကောင်း ယင်း၏ကိုယ်စားပြုသူကလည်းကောင်း ဝင်ရောက်စွက်ဖက်ခြင်း၊ နှောက်ယှက်ခြင်းများမပြုရန် တာဝန်ယူရမည်၊

(ဃ) "အငှားချထားခြင်းခံရသူ" က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံသို့ စီမံကိန်းဆိုင်ရာ လုပ်ငန်းများအတွက် အခွန်အခကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် အခြားအထူးခံစားခွင့်များ လျှောက်ထားရာတွင် ကူညီဆောင်ရွက်ပေးရမည်။

၆။ **အငှားချထားခြင်းခံရသူ၏ လိုက်နာရမည့် စည်းကမ်းချက်များနှင့် အခွင့်အရေးများ**

(က) အငှားချထားခြင်းခံရသူသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၂၊၅၃)ရှိ မြေဧရိယာ(၁၅၀)ဧကတွင်သာ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။

(ခ) ဤစာချုပ်ပါ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ဆောင်မှုအားလုံးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) အငှားချထားသူက ဤစာချုပ်အရ အကျိုးဝင်သော လုပ်ဆောင်မှုများ နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို အကြောင်းအားလျော်စွာ တောင်းခံလာတိုင်း အငှားချထားသူသို့ တင်ပြရမည်။

(ဃ) ငှားရမ်းခကို သတ်မှတ်နှုန်းထားနှင့်သတ်မှတ်သော နည်းလမ်းများအတိုင်း သတ်မှတ်ချိန်အတွင်း အတိအကျပေးချေရမည်။

(င) ငှားရမ်းထားသော မြေအားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက် မရရှိဘဲ မည်သူ့ကိုမျှ တစ်ဆင့်ငှားရမ်းရောင်းချ၊ လွှဲအပ်၊ လွှဲပြောင်း၊ ပေါင်နှံ၊ ထုခွဲခြင်းမပြုရ။ ကိုယ်တိုင်လုပ်ကိုင်ခြင်းမရှိလျှင် သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(စ) လုပ်ကိုင်ခွင့်ရရှိသည့် သက်တမ်းအတွင်း လုပ်ကိုင်ခွင့်ရရှိသူက ကွယ်လွန်လျှင် ၎င်း၏ အမွေဆက်ခံခွင့်ရရှိသူက ခိုင်လုံသောအထောက်အထားများ တင်ပြ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆက်လက် လုပ်ကိုင်ခွင့်ရှိသည်။

(ဆ) အငှားချထားခြင်းခံရသူသည် ခွင့်ပြုထားသည့် မြေဧရိယာတွင် လမ်းခင်းကျောက်တူးဖော်ထုတ်လုပ်ရာ၌ ကျောက်(၁)ကျင်းလျှင် ဒေသပေါက်စျေး၏ ၂၅% ဖြင့် စုစုပေါင်း

ထုတ်လုပ်သည့် လမ်းခင်းကျောက်ပမာဏ(ကျင်း)အတွက် ကျသင့်သော အခွန်ငွေကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ သစ်တောဦးစီးဌာနသို့ ပေးသွင်းရမည်။

(ဓ) အခွန်တော်ငွေများ ပေးသွင်းခြင်းကို သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးသွင်းရမည်။

(ဈ) သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအတွက် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုထားသည့် မြေဧရိယာ(၁၅၀)ဧက၏ ၂၀% ကို ရေမြေထိန်းသိမ်းရေး သစ်တောစိုက်ခင်းအဖြစ် ကြီးကြပ်စစ်ဆေးရန် လွယ်ကူမည့် သစ်တောနယ်မြေတွင် (၃)နှစ်အတွင်း အပြီးတည်ထောင် စိုက်ပျိုးပေးရန် ဝန်ခံကတိပြုပြီး တည်ထောင်စိုက်ပျိုးပေးရမည်။

(ည) ကျောက်တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမြေဧရိယာ(၁)ဧကလျှင် လုပ်ငန်းအာမခံငွေ ကျပ် ၅၀၀၀၀ နှုန်းဖြင့် သစ်တောဦးစီးဌာနမှ သတ်မှတ်သည့် မြန်မာ့စီးပွားရေးဘဏ်တွင် စာချုပ်မချုပ်ဆိုမီ ကြိုတင်ပေးသွင်းရမည်။

(ဋ) ကျောက်တူးဖော်မည့်ဧရိယာကို ထင်ရှားသောနယ်နိမိတ်သတ်မှတ်ရန်နှင့် ကုန်ကျစရိတ်ကို အငှားချထားခြင်းခံရသူမှ ကျခံရမည်။

(ဌ) ကျောက်တူးဖော်ခွင့်ပြုထားသည့် ဧရိယာအတွင်း၌သော်လည်းကောင်း၊ အပြင်၌သော်လည်းကောင်း၊ သစ်ပင်ခုတ်လှဲခြင်းမပြုလုပ်ရန်၊ မလွှဲမရှောင်သာ၍ ခုတ်လှဲရန် လိုအပ်ပါက သစ်တောဦးစီးဌာန၏ခွင့်ပြုချက်အရ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

(ဍ) သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်အရ ခုတ်လှဲပြီးသောသစ်ပင်များကို အသုံးပြုလိုပါက သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော ဈေးနှုန်းဖြင့်ဝယ်ယူသုံးစွဲရမည်။

(ဎ) ကျောက်တူးဖော်သည့် လုပ်ငန်းဆောင်ရွက်နေစဉ် နေထိုင်ရန် ယာယီနေအိမ်တဲမှ အပ အခြားအခိုင်အမာအဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုလုပ်ရ။

(ဏ) ကြိုးဝိုင်းအတွင်းကျောက်တူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်မည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကိုသာ အသုံးပြု၍ တူးဖော်ရမည်။

(တ) လုပ်ကိုင်ခွင့်ရသည့်မြေကို ကျောက်တူးဖော်ခြင်းလုပ်ငန်းမှတပါး အခြားစီးပွားရေးလုပ်ငန်းများအတွက် အသုံးမပြုရ။

(ထ) ကျောက်ထုတ်လုပ်မည့်စာရင်းများကို ထုတ်လုပ်သူမှ စနစ်တကျပြုစုထားရှိပြီး လစဉ်တိုးတက်မှုကို နောက်လပထမပတ်အတွင်း သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိထံ လစဉ် တင်ပြရမည်။

(ဒ) ကျောက်ထုတ်လုပ်မည့် စာရင်းဇယားများနှင့် ကျောက်ထုတ်လုပ်မှုအခြေအနေကို သစ်တောဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား အချိန်မရွေး ဝင်ရောက်စစ်ဆေးခွင့်ပြုရမည်။

(ခ) ဖော်ပြပါစည်းကမ်းချက် တစ်စုံတစ်ရာကို ချိုးဖောက်ပါက လမ်းခင်းကျောက်တူးဖော် လုပ်ကိုင်ခွင့် ရုပ်သိမ်းခြင်းခံရမည်။

၇။ စာချုပ်စတင်အကျိုးသက်ရောက်သောနေ့

ဤစာချုပ်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိပြီးနောက် အသိသက်သေများရှေ့တွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးသောနေ့ရက်မှ စတင်အကျိုးသက်ရောက်မှု ရှိစေရမည်။

၈။ စာချုပ်သက်တမ်းကာလ

ဌားရမ်းလုပ်ကိုင်ခွင့်ပြုသည့် ကာလမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတည်ပြုချက် ရရှိပြီးနောက် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးသော ၂၀၁၆ ခုနှစ်၊ လ၊ ( ) ရက် မှ ၂၀၄၅ ခုနှစ်၊ လ၊ ( )ရက်အထိ နှစ်(၃၀) ဖြစ်ပါသည်။

၉။ စာချုပ်သက်တမ်းကုန်ဆုံးခြင်း

ဤစာချုပ်သက်တမ်းသည် စာချုပ်သက်တမ်း ပြည့်မြောက်သည့်နေ့တွင် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။ သို့သော် "အငှားချထားခြင်းခံရသူ"၏ ပျက်ကွက်မှုကြောင့် "အငှားချထားသူ" က စာချုပ်ပါ စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်ရန် တရားဝင်စာဖြင့် အကြောင်းကြားသော်လည်း (၁)လအတွင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိ၍ ဌားရမ်းခြင်းကို ရုပ်စဲသောနေ့သည် စာချုပ်သက်တမ်း ကုန်ဆုံးသည့်နေ့ဟု မှတ်ယူရမည်။

၁၀။ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်

"အငှားချထားခြင်းခံရသူ"သည် (၂၀၁၆-၂၀၁၇)ဘဏ္ဍာနှစ်မှစတင်၍ (၂၀၄၅-၄၆) ဘဏ္ဍာနှစ် အထိ နှစ်စဉ် ကျောက်ကျင်းရေ (၂၀,၀၀၀ မှ ၁၂၀,၀၀၀ထိ) နှစ်စဉ် ထုတ်လုပ်မည်ဖြစ်ပါသည်။

၁၁။ စာချုပ်သက်တမ်းတိုးမြှင့်ခြင်း

စာချုပ်သက်တမ်းကို ကနဦး သက်တမ်း(၃၀)နှစ်သတ်မှတ်ပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ နောက်ထပ်တစ်ကြိမ် (၁၀)နှစ်ဖြင့် (၂) ကြိမ်အထိဆက်တိုက် သက်တမ်းတိုးမြှင့်ခွင့်ရှိပါသည်။\

၁၂။ စာချုပ်ရုပ်စဲခြင်း

ဤစာချုပ်သည် အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ်ဖြစ်ပေါ်လာပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုချက် ရရှိသည့်အခါ ရုပ်စဲသွားမည်ဖြစ်ပါသည်-

(က) စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် မိမိတို့အသီးသီး၏ လွတ်လပ်သော သဘောဆန္ဒ အလျောက် စာချုပ်ရုပ်စဲရန် သဘောတူပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ စာဖြင့်တင်ပြလျက် ယင်းကော်မရှင်က သဘောတူခွင့်ပြုသည့်အခါ

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်က ဤစာချုပ်ပါဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန် တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်သည့်အခါ

(ဂ) မလွန်ဆန်နိုင်သောဖြစ်ရပ်များသည် တစ်ဆက်တည်း (၆)လထက် ကျော်လွန်နေသည့်အခါ

(ဃ) စာချုပ်သက်တမ်းကုန်သည့်အခါ

၁၃။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

"အငှားချထားခြင်းခံရသူ"သည် အငှားချထားသည့် မြေဧရိယာ(၁၅၀)ဧက၏ ပတ်ဝန်းကျင်ရှိ လေထု၊ မြေထု ညစ်ညမ်းမှုမရှိစေရန်နှင့် လမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်ပါက ထိခိုက်မှုများအတွက် ပြန်လည်ဆောင်ရွက်ပေးသည့် အစီအစဉ်များရှိစေရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအပါအဝင် တည်ဆဲဥပဒေများ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၄။ ဓါတ်သတ္တုအရင်းအမြစ်များ

အငှားချထားခြင်းခံရသူသည် ဤစာချုပ်ပါ ငှားရမ်းကာလအတွင်း ငှားရမ်းထားသည့် မြေဧက(၁၅၀)တည်ရှိရာ မြေပေါ်မှ ဓါတ်သတ္တုအရင်းအမြစ်များ၊ ရတနာများ၊ ရှေးဟောင်းအနုပညာပစ္စည်းများ၊ သဘာဝသမိုင်းနှင့် သိပ္ပံဆိုင်ရာ အရေးပါသော အရာဝတ္ထုများ၊ သဘာဝသယံဇာတ ပစ္စည်းများကို တွေ့ရှိလျှင် "အငှားချထားခြင်းခံရသူ"သည် သက်ဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အဖွဲ့အစည်းများသို့ ချက်ခြင်းအကြောင်းကြားရမည်။ ထို့ပြင် အထက်ပါ ပစ္စည်းများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက လွတ်လပ်စွာတူးဖော်ရယူပိုင်ခွင့်ရှိစေရမည်။

၁၅။ ငှားရမ်းမြေအားပြန်လည်ရယူခွင့်

